# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၂)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ ၁၁–၁၂–၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ရှေ့မှောက်၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ ကတိသစ္စာပြုကြစဉ်။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနား ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## သတင်းမီဒီယာအလုပ်ဆိုသည်မှာ ကျယ်ပြန့်သည့်သဘောရှိသည့်အတွက် ပုံစံတကျ ဘောင်ခတ်သတ်မှတ်ရန် မဖြစ်နိုင်သော်လည်း သတင်းမီဒီယာရေစီးကြောင်းတွင် ပါဝင်စီးမျောနေကြသူများ၏ အသိဉာဏ်ပညာများ၊ ဆင်ခြင်တုံတရားများဖြင့်သာ ထိန်းကျောင်းပဲ့ပြင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

**တိမ် အနည်းငယ် ဖြစ်ထွန်းမည်**

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# စာဖတ်ဝါသနာကို ပြုစုပျိုးထောင်ကြပါစို့

စာဖတ်ဝါသနာကို ငယ်ရွယ်စဉ်ကျောင်းသားဘဝထဲက ပြုစုပျိုးထောင်ဖို့လိုအပ်မည်ဖြစ်သည်။ စာပေမှရရှိသော ဉာဏ်ပညာသင်ခန်းစာများသည် မီးခိုးမဆုံး မိုးမဆုံးအောင် များပြားလှသည်။ စာဖတ်ရာတွင် ကာတွန်း၊ ပုံပြင်များမှ တစ်ဆင့် ဝတ္ထု၊ ဆောင်းပါး၊ အတ္ထုပ္ပတ္တိကျမ်းစာအုပ်များအထိ စာဖတ်ခြင်းနယ်ပယ် စာဖတ်ဝါသနာကို ပြုစုပျိုးထောင်သင့်သည်။ အပျော်ဖတ်အဆင့်မဟုတ်ဘဲ ဆင်ခြင်သတိနှင့် တွေးတောဖတ်ရှုလာနိုင်ရန် လိုအပ်မည်ဖြစ်သည်။

စာဖတ်ရာတွင် ငါးရှဉ့်ငါးဆယ်ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ဦးဆန်းလွင်၏ ဘာသာရေးစာအုပ်များ၊ အရှင်ဇနကာဘိဝံသ၏ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် စသည်တို့သည် အတွေးအခေါ်အယူအဆများနှင့် နှလုံးသားကို နူးညံ့သိမ်မွေ့စေမည်ဖြစ်ပါသည်။

စာပေနှင့် တွေ့ဆုံဖတ်ရှုနေရခြင်းသည် အလင်းထက်မြန်သောစိတ်ကို အလိုရှိရာ ဖြည့်စွမ်းပေးတတ်သည်။ ကမ္ဘာအနှံ့အပြားကိုလည်း စာထဲမှာ ခရီးဆန့်နိုင်မည်ဖြစ်သည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများနှင့် စာထဲမှာဆွေးနွေးနိုင်မည်ဖြစ်သည်။ စိတ်၏ အာဟာရဖြစ်သော ပညာဗဟုသုတမှန်သမျှကို စာဖတ်ခြင်းဖြင့် အကောင်းဆုံးဖြည့်စွမ်းနိုင်ပြီး ပျော်ရွှင်မှုအပေါင်းခညောင်းနိုင်မည်ဖြစ်သည်။ ပညာဗဟုသုတနှင့် စေတနာ ကောင်းများကို နှိုးဆော်ပေးတတ်သော စာဖတ်ခြင်းသည် စိတ်၏အာဟာရကို ပြည့်ဝစေသည်။ ဉာဏ်အမြော်အမြင်လည်း ကြီးမားစေသည်။ ရှေးလူကြီးတို့၏ အယူအဆ အကောင်းအဆိုးနှင့် အတွေ့အကြုံကောင်းများကို မှတ်သားသိရှိနိုင်သည်။

ပျော်ရွှင်မှုနှင့်အတူ အသိတရားတိုးပွားစေသော စာဖတ်ခြင်းသည် လောဘ၊ ဒေါသ၊ မောဟကို ဆင်ခြင်မိကာ စိတ်နှလုံးကို ငြိမ်းချမ်းစေမည်လည်းဖြစ်သည်။ တွေးခေါ်ဆင်ခြင်မှုသည် ဗဟုသုတအပေါ်တွင် အခြေပြုသည်။ ဗဟုသုတသည် စာဖတ်အားပေါ်တွင် အခြေပြုနေသည်။ စာဖတ်အားသည် ဝါသနာပေါ်တွင် အခြေပြုသည်။ စာဖတ်ဝါသနာသည်သာလျှင် တွေးခေါ်ဆင်ခြင်တတ်မှုကို အထောက်အကူပြုဆုံးဖြစ်သည်။ စာဖတ်ဝါသနာ၏ အကျိုးတရားသည် လူတစ်ဦးကိုသာမက လူမျိုးနှင့် နိုင်ငံအတွက်လည်း ကြီးမားသောတိုးတက်ဖွံ့ဖြိုးမှုဖြစ်စေသည်။ စာဖတ်ခြင်းအလေ့စကားပြေတွင် ဆရာဇေယျက လူမျိုးတစ်မျိုး၏ တိုးတက်ကြီးပွားမှုသည် ပညာဗဟုသုတကို အခြေပြုသည်။ ပညာဗဟုသုတသည် စာဖတ်ခြင်းအပေါ်တွင် အခြေပြုသည်ဟု မိန့်ဆိုခဲ့သည်။

ထို့အပြင် စာပေလေ့လာဖတ်ရှုရန်အတွက် စာကြည့်တိုက်တွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စာအုပ်များငှားရမ်းနိုင်သည်။ စာကြည့်တိုက်တွင် လူမှုရေး၊ စီးပွားရေး၊ သမိုင်းရေးစသော အရေးအရာစုံ အသိပညာများ ဗဟုသုတများစုစည်းလျက်ရှိသည်။ စာကြည့်တိုက်တွင် အတိတ်မှသည် ပစ္စုပ္ပန်အထိသာမက အနာဂတ်အထိပင် ပညာရပ်များရှိနေသည်။ အတွေးအခေါ်ပညာရပ်များ၊ အတတ်ပညာ၊ နည်းပညာရပ်များကို စာကြည့်တိုက်တွင် ဖတ်ရှုနိုင်သည်။

သို့ဖြစ်ရာ ဝါသနာဆိုသည်မှာ အားလပ်သောအချိန်တွင် ပျော်ရွှင်စွာလုပ်ကိုင်နေတတ်သော အလုပ်ဟု ဆရာပီမိုးနင်းက ဆိုမိန့်ထားသဖြင့် ကျောင်းသား၊ ကျောင်းသူတိုင်း နှလုံးသားအာဟာရကို ဖြည့်တင်းပေးနိုင်မည့် "စာဖတ်ဝါသနာကို ပြုစုပျိုးထောင်ကြပါစို့" ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးမြင့်အောင် ရတနာပုံတက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများအား ဥပဒေဆိုင်ရာ အသိပညာပေး အခမ်းအနား ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၀**

ရတနာပုံတက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများအား ဥပဒေဆိုင်ရာ အသိပညာပေး အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးမြင့်အောင်၊ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ စီမံအရာရှိများ၊ စီမံဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးမြင့်အောင်က "အမှုထမ်း၊ အရာထမ်းများ သိရှိထားရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများဖြစ်သည့် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊ ပြဋ္ဌာန်းချက်များ၊ နိုင်ငံ၏ လျှောက်လှမ်းနေသည့် လမ်းစဉ်များကို ပြည့်ပြည့်ဝဝရေးသားဖော်ဆောင်နေသည့် အခြေခံမှုများ၊ ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် စသည့် မဏ္ဍိုင်ကြီး သုံးရပ်သည် လွှမ္မအဖွဲ့အစည်းတွင် အရေးပါမှုအကြောင်းအရာများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ အကြောင်းအရာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာများ၊ နိုင်ငံသားအခွင့်အရေးများ၊ ပြည်သူ့ စစ်မှုထမ်းဥပဒေဆိုင်ရာများ၊ အရေးပေါ်ကာလဆိုင် ပြဋ္ဌာန်းချက်များ၊ အထွေထွေ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်အဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ အာဏာခွဲဝေမှု၊ လုပ်ငန်းတာဝန်များ စသည့်အကြောင်းအရာများကို အသိပညာပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အရာထမ်း၊ အမှုထမ်း ၃၈၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(ဝ၈၂)





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ကြီးမှူး၍ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကြက်တောင်ရိုက်အားကစားကွင်းတွင် ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ကြက်တောင်ရိုက် အားကစားပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက အမျိုးသား နှစ်ယောက်တွဲပွဲစဉ် (၇)ပွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်(၁၅)ပွဲ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ (အပေါ်ပုံ)

ကြက်တောင်ရိုက်အားကစားပြိုင်ပွဲတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲစဉ်(၂၉)တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲစဉ်(၁၉)တွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲစဉ်(၃၁)တွဲ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ၉-၁၂-၂၀၂၄ ရက်မှ ၁၃-၁၂-၂၀၂၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီတွင် စတင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်–၃)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂–၂၈၄၇၃၃၉၈၊ ၀၂–၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax–၀၂–၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ကတိသစ္စာပြု

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် သတင်းမီဒီယာကဏ္ဍကို နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်အဖြစ် အလေးအနက်ထားကြောင်းကို ဦးစွာ ပြောကြားလိုကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာ ကောင်စီ၏ အခန်းကဏ္ဍကို အလေးထားသကဲ့သို့ သတင်းမီဒီယာလောကဖွံ့ဖြိုးတိုးတက်ရန် အတွက် အမြဲတမ်းစိတ်အား ထက်ထက်သန်သန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို မှန်မှန်ကန်ကန် စနစ်တကျကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်း တစ်ရပ်တွင် ဥပဒေအရ လွတ်လပ်စွာ ရေးသား ထုတ်ဖော်ပြောဆိုနိုင်ခွင့်များ ရှိရမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်များကို လိုက်လျောညီထွေရှိရှိ ဟန်ချက်ညီညီ မျှမျှတတ ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

> ❑ လွတ်လပ်ခွင့်သည် အတိုင်းအတာနှင့်ဖြစ်ကြောင်း၊ သူတစ်ပါးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီမဟုတ်ဘဲ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုပါ ထိပါးပုတ်ခတ်ရေးသားဖော်ပြခြင်းမျိုး မဖြစ်ရန်လို
>
> ❑ လွတ်လပ်ခွင့်နှင့် အခွင့်အရေးရှိသကဲ့သို့ တစ်ဖက်ကလည်း လိုက်နာရမည့်တာဝန်၊ ဝတ္တရား၊ ကျင့်ဝတ်များကို လိုက်နာကြခြင်းဖြင့် မျှမျှတတလုပ်ဆောင်ကြရမည်
>
> ❑ ဒီမိုကရေစီ၏သဘောတရားများအနက် လူတိုင်း နားလည်လက်ခံထားကြသည့် သဘောတရားတစ်ခုမှာ "မတူကွဲပြားမှုကို လက်ခံနိုင်ခြင်း" ပင်ဖြစ်
>
> ❑ မိမိနှင့်အမြင်မတူ၊ အတွေးမတူ၊ အလုပ်မတူခြင်းများကို နားလည်လက်ခံပြီး အပြန်အလှန်ရပ်တည်နိုင်ခွင့်ကို လေးစားအသိအမှတ်ပြုသည့် ယဉ်ကျေးမှုတစ်ရပ်ကို မီဒီယာသမားတိုင်း လက်ခံကျင့်သုံးရန်လည်း လိုအပ်မည်

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်ပါက မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် လွတ်လပ်ခွင့်သည် အတိုင်းအတာနှင့် ဖြစ်ကြောင်း၊ သူတစ်ပါးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ တည်ဆဲဥပဒေများနှင့် အညီမဟုတ်ဘဲ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုပါ ထိပါးပုတ်ခတ် ရေးသားဖော်ပြခြင်းမျိုး မဖြစ်ရန်လိုကြောင်း၊ လွတ်လပ်ခွင့်နှင့် အခွင့်အရေးရှိသကဲ့သို့ တစ်ဖက်ကလည်း လိုက်နာရမည့်တာဝန်၊ ဝတ္တရား၊ ကျင့်ဝတ်များကို လိုက်နာကြခြင်းဖြင့် မျှမျှတတလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ဖြစ်ထွန်းလာရန် သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးသည်ဟု ပြောကြားလိုကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေး အင်အားကြီးသည့် အုပ်စုများသည်ဒီမိုကရေစီအသွင်ကူးပြောင်းစဖွံ့ဖြိုးဆဲနိုင်ငံများကို ဝင်ရောက်စိုးမိုးခြယ်လှယ်နိုင်ရန် အတွက် မီဒီယာသမားများကို လက်ကိုင်တုတ်အဖြစ် မွေးမြူလာကြသည့်နည်းကို အသုံးပြုနေကြသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း၊ ယင်းမီဒီယာသမားများမှတစ်ဆင့် ပြည်သူများ၏ သဘောထားခံစားချက်များ၊ နစ်နာချက်များကို ပစ်ပယ်ပြီး ၎င်းတို့လိုလားသည့် ပုံစံများအတိုင်း ပုံဖော်သွတ်သွင်း ထုတ်လွှင့် ဖော်ပြနေကြသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများကို မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများကြီးထွားလာအောင်၊ ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပြုလုပ်နေကြခြင်းပင် ဖြစ်ကြောင်း။

အထူးသဖြင့် ဒီမိုကရေစီ၏ သဘောတရားများအနက် လူတိုင်းနားလည် လက်ခံထားကြသည့် သဘောတရားတစ်ခုမှာ "မတူကွဲပြားမှုကို လက်ခံနိုင်ခြင်း" ပင်ဖြစ်ကြောင်း၊ မိမိနှင့်အမြင်မတူ၊ အတွေးမတူ၊ အလုပ်မတူခြင်းများကို နားလည်လက်ခံပြီး အပြန်အလှန်ရပ်တည်နိုင်ခွင့်ကို လေးစားအသိအမှတ်ပြုသည့် ယဉ်ကျေးမှုတစ်ရပ်ကို မီဒီယာသမားတိုင်း လက်ခံကျင့်သုံးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကောင်စီအဖွဲ့ဝင်များ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

✰ စာမျက်နှာ ၃ မှ

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ တစ်လျှောက်နှင့် လွတ်လပ်ရေးရပြီး ကာလတစ်လျှောက်တို့တွင် ခေတ်အမျိုးမျိုးဖြတ်သန်းခဲ့ရပြီး အမျိုးမျိုးသော ဖိအားများကြောင့် ပြည်သူလူထုအတွင်း အသိပညာ၊ အတန်းပညာ၊ အတတ်ပညာ ကွာဟမှုများ ရှိနေကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ တပ်မတော်သည် နိုင်ငံ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်နေရချိန်လည်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နေချိန်တွင် ကျင့်ဝတ်သိက္ခာမဲ့သည့် ပြည်ပသြဇာခံ မီဒီယာသမားများသည် ခေတ်အမျိုးမျိုးက ဖြတ်သန်းလာခဲ့ရသည့် ပြည်သူလူထုကို သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများနှင့် မှိုင်းတိုက်ပြီး အတွေးအမြင်များ မှားလာအောင်၊ အယူအဆများ လွဲလာအောင် လုပ်ဆောင်နေကြကြောင်း။

ယင်းနှင့်ပတ်သက်၍ ပြောလိုသည်မှာသတင်းမီဒီယာသမားများသည် လူသားများပင်ဖြစ်သည့်အတွက် လူ့သဘာဝအတိုင်း အကြိုက်မတူခြင်း၊ ပုဂ္ဂလဓိဋ္ဌာန်အစွဲများရှိနေတတ်ခြင်းကို မိမိတို့အနေဖြင့် နားလည်လက်ခံကြောင်း၊ သို့သော်လည်း နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများတွင် မိမိအကျိုးစီးပွားအပါအဝင် မိမိယူဆချက်၊ မိမိသဘောထားကို ရှေ့တန်းမတင်ဘဲ "အတ္တနောမတိ" ကင်းကင်းဖြင့် အရာရာကို ရေးသားရှုမြင် ဆင်ခြင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ထို့ပြင် "အစွဲ" တစ်ခုကို လက်ကိုင်ပြုပြီး ဓမ္မဓိဋ္ဌာန်ကျကျ မရှုမြင်ဘဲ မိမိထင်ရာမြင်ရာ ယုံကြည်ရာကိုသာ ဖောင်းပေးပြောဆိုခြင်းများ၊ အခြားတစ်ဖက်၏မတူကွဲပြားသည့်အတွေးအမြင်များ၊ ယုံကြည်မှုများကို မျက်ကွယ်ပြုပြီး အမုန်းစကား အခြေခံများဖြင့်သာ ထုတ်လွှင့်ဖော်ပြနေမည်ဆိုပါက ဖြောင့်မတ်တည်ကြည်မှုကင်းမဲ့သည့် သတင်းမီဒီယာသမားများအဖြစ် မှတ်ယူခံရနိုင်သည်ကို သတိပြုပေးကြရန် အသိပေး ပြောကြားလိုကြောင်း။

သတင်းမီဒီယာ ဥပဒေတွင်ပါသည့်သတင်းမီဒီယာကောင်စီ၏ အဓိက လုပ်ငန်းတာဝန်များကို ပြန်ကြည့်ပါက သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးရန်၊ သတင်းမီဒီယာလုပ်ငန်းသုံး ပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေ ချောမွေ့အောင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးရန်၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ စီစဉ်ကျင်းပပေးရန်၊ သတင်းဆိုင်ရာ ထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးအတွက် စီမံချက်များရေးသားဆောင်ရွက်ရန် စသည့်အချက်များကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယင်းတာဝန်များကို ပြီးခဲ့သည့် သတင်းမီဒီယာကောင်စီအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့သည်ကို တွေ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ အလားတူ ယခုသတင်းမီဒီယာကောင်စီအနေဖြင့် အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း၊ အောင်မြင်အောင် ထမ်းဆောင်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုပြီး စာပေပညာရှင်ကြီးများ၏ စာပေလက်ရာမွန်များ၊ ၎င်းတို့၏ အတ္ထုပ္ပတ္တိနှင့် ဖန်တီးရေးဖွဲ့ခဲ့သည့် အနုပညာပစ္စည်းများကို ခမ်းခမ်းနားနား ထုတ်ဖော်ပြသရန်နှင့် စာပေဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **"စာဆိုဗိမာန်"** ကြီးတစ်ခုကို စတင်ဆောက်လုပ်နေပြီ ဖြစ်ကြောင်း။

သတင်းစာဆရာဟု ဆိုပါက မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကိုလည်း သတင်းစာဆရာတစ်ဦးဟု ဆိုရမည်ဖြစ်ကြောင်း၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာဘဝနှင့် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ရန် တစ်မျိုးသားလုံးကို အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားအောင် ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့် နောက်ပိုင်းတွင်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ မြှင့်တင်ပေးနိုင်ရန် စာပေနှင့် အားထုတ်ခဲ့ကြသည့် စာပေပညာရှင်ကြီးများလည်း များစွာရှိပါကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ကျိုး ထမ်းဆောင်ခဲ့ကြသည့် သတင်းစာဆရာကြီးများအားလုံးကို မိမိအနေဖြင့် လေးစားဂုဏ်ပြုပါကြောင်း။

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးများတွင် သက်ကြီးစာပေပညာရှင်ကြီးများ၊ သက်ကြီးအနုပညာရှင်ကြီးများကို အခါအားလျော်စွာ ထောက်ပံ့ကူညီမှုများ လုပ်ပေးနေသည်ကို တွေ့မြင်နေရကြောင်း၊ ၎င်းတို့ကဲ့သို့ပင် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသည့် သက်ကြီးအငြိမ်းစား သတင်းစာဆရာကြီးများအတွက် လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ပြုပေးနိုင်ရန်နှင့် ၎င်းတို့၏ အတွေ့အကြုံ ဗဟုသုတ၊ အတွေးအမြင်များကို နိုင်ငံတော်နှင့် မျိုးဆက်သစ် သတင်းသမားများအား လက်ဆင့်ကမ်း ဆောင်ရွက်ပေးနိုင်ရန်လည်း နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စာနယ်ဇင်းပညာ ဆိုသည်မှာ ခက်ဖြာစီးဆင်းနေသည့် မြစ်ကြီးတစ်စင်းနှင့် တူသည်ဟု တင်စားပြောဆိုကြကြောင်း၊ စာပေကို အခြေခံသည့် အနုပညာဖန်တီးမှုများ၊ လူသားများ၏ ဘဝနေထိုင်မှုနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ လူ့အဖွဲ့အစည်း၏ စုဖွဲ့ဖြစ်တည်ပုံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုသမိုင်းကြောင်းများ စသည့် မြစ်လက်တက်များနှင့် ပေါင်းဆုံစီးဝင်နေသကဲ့သို့ ဖြန့်ခွဲ စီးဆင်းနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် စာနယ်ဇင်းသမား (သို့မဟုတ်) သတင်းမီဒီယာသမားတိုင်းသည်လောကကိုကောင်းကျိုးပြုပြီး လောကအကျိုးသယ်ပိုးကြရမည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအားလုံး၏ လူမှုဘဝများကို ဘက်မလိုက်ဘဲ ထင်ဟပ်ပြရမည်ဖြစ်ကြောင်း၊ မိမိလူမျိုး၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင်လည်း ထိန်းသိမ်းပေးကြရမည်ဖြစ်ကြောင်း။

သတင်းမီဒီယာအလုပ်ဆိုသည်မှာ ကျယ်ပြန့်သည့်သဘောရှိသည့်အတွက် ပုံစံတကျဘောင်ခတ် သတ်မှတ်ရန် မဖြစ်နိုင်သော်လည်း သတင်းမီဒီယာ ရေစီးကြောင်းတွင် ပါဝင်စီးမျောနေကြသူများ၏ အသိဉာဏ်ပညာများ၊ ဆင်ခြင်တုံတရားများဖြင့်သာ ထိန်းကျောင်းပဲ့ပြင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီကူးပြောင်းခါစ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံအချို့က လူ့အခွင့်အရေးများ၊ ဒီမိုကရေစီစံနှုန်းများနှင့် မိမိတို့နိုင်ငံကို အပြစ်ရှာပြောဆိုပြီး ၎င်းတို့လိုချင်သည့် ပုံစံပေါ်အောင် သွတ်သွင်းပုံဖော်ရန် ကြိုးပမ်းနေကြကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံနှင့်မကိုက်ညီသည့် ဒီမိုကရေစီစံနှုန်းများအပေါ် ရာနှုန်းပြည့် အခြေမပြုဘဲ နိုင်ငံ၏ပကတိအခြေအနေနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ သမိုင်းကြောင်းတစ်လျှောက် တွေ့ကြုံခဲ့ရသည့် သမိုင်းပေးတာဝန် သင်ခန်းစာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သာ အခြေခံစဉ်းစားပြီး မိမိတို့၏ ပန်းတိုင်ကို ရဲရဲဝံ့ဝံ့ ဆက်လက်ချီတက်နေခြင်း ဖြစ်ကြောင်း။

ယင်းအခြေအနေတွင် စတုတ္ထမဏ္ဍိုင်ဟု အမည်ခံထားကြသည့် သတင်းမီဒီယာသမားများ အနေဖြင့် **အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို သမာသမတ်ကျကျ** မှုမှုတတ ရေးသားဖော်ပြ ထုတ်လွှင့်ပေးကြရန်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၏ အသုံးချခံ လက်ကိုင်တုတ်မှ အဖြစ်မခံဘဲ နှောင်ကြိုးမဲ့စွာ ဆောင်ရွက်ပေးကြရန်၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဦးထိပ်ထားပေးကြရန်၊ လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း၊ အရောင်အသွေးကင်းကင်းဖြင့် သတင်းမီဒီယာလောကအကျိုး သယ်ပိုးပေးကြရန်၊ တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင် သွေးထိုးမှိုင်းတိုက်ထုတ်လွှင့်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင် တားမြစ်ပေးကြရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကောင်စီအဖွဲ့ဝင်များသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

> ✰ **စတုတ္ထမဏ္ဍိုင်ဟု အမည်ခံထားကြသည့် သတင်းမီဒီယာသမားများအနေဖြင့် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို သမာသမတ်ကျကျ မှုမှုတတရေးသားဖော်ပြ ထုတ်လွှင့်ပေးကြရန်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၏ အသုံးချခံလက်ကိုင်တုတ်မှ အဖြစ်မခံဘဲ နှောင်ကြိုးမဲ့စွာ ဆောင်ရွက်ပေးကြရန်၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဦးထိပ်ထားပေးကြရန်၊ လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း၊ အရောင်အသွေးကင်းကင်းဖြင့် သတင်းမီဒီယာလောကအကျိုး သယ်ပိုးပေးကြရန်၊ တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင် သွေးထိုးမှိုင်းတိုက်ထုတ်လွှင့်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင် တားမြစ်ပေးကြရန်လိုအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီးယားပြည်နယ် အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီးယားပြည်နယ် အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီးယားပြည်နယ် အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီးယားပြည်နယ်အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

## အမြင်ချင်းဖလှယ် ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံနှင့် ကာလ်မီးကီးယားပြည်နယ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်းကာလ်မီးကီးယားပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဖိုရမ် ကျင်းပသွားမည့်အခြေအနေများနှင့် ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာနိုင်ငံက ကူညီဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာလ်မီးကီးယားပြည်နယ်တို့အကြား ကိုးကွယ်ယုံကြည်မှုအရ၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ခြင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်ဖက်တာဝန်ရှိသူများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီးယားပြည်နယ် အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီးယားပြည်နယ် အကြီးအကဲ H.E. Mr. Batu KHASIKOV အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီးယားပြည်နယ် အကြီးအကဲ H.E. Mr. Batu KHASIKOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။

**၂၀၂၅ ခုနှစ်အတွင်း ကာလ်မီးကီးယားပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဖိုရမ် ကျင်းပသွားမည့်အခြေအနေများနှင့် ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေး မြန်မာနိုင်ငံက ကူညီဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာလ်မီးကီးယားပြည်နယ်တို့အကြား ကိုးကွယ်ယုံကြည်မှုအရ၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ခြင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ တိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး**

# (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနား ကျင်းပ

## ငြိမ်းချမ်းသာယာမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့်နိုင်ငံဖြစ်လာရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၀

(၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်သည် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည့် ၇၆ နှစ် ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း၊ ယင်းနေ့ကို ဂုဏ်ပြုသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည်လည်း (၇၆)နှစ်မြောက် အခါသမယကို ရောက်ရှိလာပြီဖြစ်ကြောင်း။

### ထောက်ခံမဲပေးခဲ့

မိမိတို့ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ လွတ်လပ်ရေးရပြီး ယင်းနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) ကို အတည်ပြုနိုင်ရေး မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ၁၉၄၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကြပြီး နှစ်နှစ်အကြာ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

* နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသားပြည်သူများအကြား လူ့အခွင့်အရေးများကို ရရှိခံစားစောင့်ထိန်းလိုက်နာကြရန် လိုအပ်
* နိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ထားပြီး နိုင်ငံအဆင့် အစီရင်ခံစာများ တင်သွင်းခြင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review - UPR) တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

မိမိတို့ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့ရုံသာမက နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသူနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းဖော်ပြထားကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အရေးကြီးသည့် လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းပေးထားသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းတွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူသည့် လူ့အခွင့်အရေးစံများ ဖော်ညွှန်းပါဝင်သည်ကို တွေ့နိုင်ကြောင်း၊ ယင်းအချက်များသည် မြန်မာနိုင်ငံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု အလေးထားသောထင်ရှားသည့် ဝိသေသလက္ခဏာများဖြစ်ကြောင်း။

### စောင့်ထိန်းလိုက်နာ

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသားပြည်သူများအကြား လူ့အခွင့်အရေးများကို ရရှိခံစား စောင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ထားပြီး နိုင်ငံအဆင့်အစီရင်ခံစာများ တင်သွင်းခြင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review - UPR) တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံသားများ၏ လူ့အခွင့်အရေး ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်း တည်ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း လူ့အခွင့်အရေး မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းတို့ကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထွက်ပေါ်လာစေရေး ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၇ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လူ့အခွင့်အရေးကော်မရှင်သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

○ စာမျက်နှာ ၆ မှ

မိမိတို့အနေဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့်အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်စဉ်။

**ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်**

ပြည်သူအားလုံးက လိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းကို မလွဲမသွေ ရှေ့ဆက်လျှောက်လှမ်းရမည် ဖြစ်သည့်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေ အောင်မြင်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးလိုအပ်မည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်နေခြင်းများသည် တိုင်းရင်းသားပြည်သူများရရှိမည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများကို ပျက်ပြားအောင် ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ လူ့အခွင့်အရေးများကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းများဖြင့် ချိုးဖောက်နေကြခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးရရှိရန်နှင့် အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ကြရန်အတွက် စည်းလုံးညီညွတ်ကြပြီး အဖျက်အမှောင့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက လက်တွဲဆန့်ကျင် တိုက်ဖျက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ **"Our Rights, Our Future, Right Now." "တို့အခွင့်အရေး၊ တို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်"** ဖြစ်ကြောင်း၊ လူ့အခွင့်အရေးများကို စည်းကမ်းစနစ်နှင့်အညီ လိုက်နာကျင့်သုံးကြခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်ကမ္ဘာကြီးတွင် မငြိမ်သက်မှုနှင့် ပဋိပက္ခများအပါအဝင် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေကြရကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားလွန်မြောက်ရန်နှင့် ငြိမ်းချမ်းသာယာဝပြောပြီး တရားဥပဒေစိုးမိုးသည့် လောက

နိုင်ငံတော် အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းသာယာမှုနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့် နိုင်ငံဖြစ်လာရေး

တည်ဆောက်ရန် အတွက် စည်းကမ်းစနစ် ကျနမှုရှိသည့် လူ့အခွင့်အရေး လိုက်နာဆောင်ရွက်မှုများက ပံ့ပိုးဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ တန်းတူညီမျှမှုမရှိသည့်၊ ခွဲခြားဆက်ဆံသည့် စနစ်ပုံစံများသည် လူ့အခွင့်အရေးစံများနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေသည့် အမုန်းစကားများ၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို တန်ပြန်ဖယ်ရှားပြီး မှုတမှန်ကန်မှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖော်ဆောင်မှသာလျှင် လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့် ခွန်အားအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း။



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။

အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဖတ်ကြား**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှအနုပညာရှင်များက လူ့အခွင့်အရေးကော်မရှင်သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

* **လူ့အခွင့်အရေးများကို စည်းကမ်းစနစ်နှင့်အညီ လိုက်နာကျင့်သုံးကြခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရမည်**
* **တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေသည့် အမုန်းစကားများ၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို တန်ပြန်ဖယ်ရှားပြီး မှုတမှန်ကန်မှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်**
* **ထိုသို့ဖော်ဆောင်မှသာလျှင် လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့် ခွန်အားအဖြစ် ရောက်ရှိလာမည်**

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ပို့ကုန်တိုးတက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး၊ ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်

★ စာမျက်နှာ ၂၄ မှ

အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ဈေးကွက်ဝေစုရရှိမှု များစွာထိခိုက်နစ်နာ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်မှာ (၁၇) ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး (၁၆) ကြိမ်အထိ ဆုံးဖြတ်ချက် ၅၆၀ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ချက်ချင်းလိုက်နာ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် စားသုံးသူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ များစွာနစ်နာရသည့်အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်တားဆီး အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်၏ အခွန်ငွေရရှိမှုလည်း များစွာဆုံးရှုံးနစ်နာရပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကြောင့် ကုန်ကျစရိတ်များလည်းရှိကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုပိုင်းအနေဖြင့် တရားမဝင်တင်သွင်းလာသော အရည်အသွေးမမီဘဲ ဈေးသက်သာသော ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ထုတ်လုပ်သည့်ထုတ်ကုန်ပစ္စည်းများတွင် အရည်အသွေးပြည့်မီခြင်းမရှိနိုင်သဖြင့် ပြည်တွင်းသုံးစွဲသူများကို ဘေးအန္တရာယ်ဖြစ်စေရုံသာမက ပြည်ပတင်ပို့မှုအပိုင်းတွင်လည်း နိုင်ငံတကာ ဈေးကွက်နှင့် နှိုင်းယှဉ်ပါကလည်း အရည်အသွေးမမီသည့် ပို့ကုန်ပစ္စည်းများကြောင့် မိမိနိုင်ငံထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝေစုရရှိမှု များစွာထိခိုက်နစ်နာစေနိုင်ကြောင်း။



တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

အာမခံချက်မရှိဘဲ ဈေးပေါပေါဖြင့် တင်သွင်းလာသည့် အတု၊ အပ အရည်အသွေးမမီသည့် ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းထုတ်လုပ်မှုတွင်လည်း အရည်အသွေးမမီခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများ နစ်နာဆုံးရှုံးနိုင်ကြောင်း၊ ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေသည့် တရားမဝင်ကုန်သွယ်မှုများသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ ထိခိုက်နစ်နာရုံသာမက တရားမဝင်ကုန်သွယ်မှုကြောင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်စသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရသင့်ရထိုက်သော အခွန်အခများစွာ ဆုံးရှုံးနစ်နာစေပြီး နိုင်ငံ၏ GDP ကိုလည်း ကျဆင်းစေသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံတော်၏ဝင်ငွေကို ထိခိုက်စေနိုင်ပြီး သုံးစွဲမှုအပိုင်းတွင်လည်း ဝင်ငွေ၊ ထွက်ငွေ မမျှတသည့်အတွက် ငွေကြေးဖောင်းပွမှုကိုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် အရေးကြီးသည့် လုပ်ငန်းဖြစ်ပြီး ဦးဆောင်ကော်မတီ၊ အထူးအဖွဲ့များကလည်း နိုင်ငံတော်အတွက် အဓိကအထောက်အကူပြုသည့် အဖွဲ့များဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဆက်လက်ဖမ်းဆီး အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှု၏ နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် ကုန်သွယ်မှု၏ နောက်ကွယ်တွင် လာဘ်ပေးလာဘ်ယူကိစ္စရပ်များကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းရည်နှင့် ဂုဏ်သိက္ခာကျဆင်းလာခြင်း၊ စာရိတ္တနှင့် စိတ်ဓာတ်များ လျော့ကျလာခြင်းတို့ကြောင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ကိုလည်း ထိခိုက်စေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမောင်းနှင်အားကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက အဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက် ပိုမိုထိရောက်စွာတားဆီးစစ်ဆေးအရေးယူရန် လိုအပ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တစ်ဖက်ကလည်း နိုင်ငံတော်က ချမှတ်ထားသည့် ပို့ကုန်တိုးတက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး၊ ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

နိုင်ငံတိုင်းရှိအစိုးရများတွင် သက်တမ်းရှိပါကြောင်း၊ အစိုးရများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများအတွက် မူဝါဒချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးများကို မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးပိုင်းတွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ကန့်သတ်ချက်များ၊ အခက်အခဲများအပေါ် မည်ကဲ့သို့ အောင်မြင်စွာ ကျော်လွှားအကောင်အထည်ဖော်နိုင်မည်ကို စဉ်းစားလုပ်ဆောင်ခြင်းမရှိဘဲ တွေ့ကြုံရသည့် အခက်အခဲများအပေါ် လုပ်ငန်းမအောင်မြင်နိုင်ကြောင်း သုံးသပ်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ရန် နှောင့်နှေးနေ၍ မရဘဲ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအနေဖြင့် ဒေသအလိုက်၊ လုပ်ငန်းအလိုက် ဆောင်ရွက်နိုင်သည့် ရရာနည်းလမ်းများကို ရှာဖွေရွေးချယ်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ပို့ကုန်တင်ပို့မှု မြင့်မား တိုးတက်စေရေးဆောင်ရွက်**

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၄၁ ဘီလီယံ တင်ပို့နိုင်ခဲ့ရာ အဓိကပို့ကုန်များအနေဖြင့် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နှမ်း၊ ကြက်သွန်၊ ရော်ဘာစိမ်း၊ ရေထွက်ပစ္စည်းများနှင့် သတ္တုတွင်းထွက်ပစ္စည်းများကို အဓိကတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နိုဝင်ဘာလအထိ ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈၂၅ ဘီလီယံ တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပို့ကုန်တင်ပို့မှုမြင့်မားတိုးတက်စေရေးအတွက် ယခုဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ထိထိမိမိဆောင်ရွက်နိုင်ရန် လိုအပ်မည့်သွင်းအားစုများ၊ တိရစ္ဆာန် အစားအစာများကိုလည်း သက်ဆိုင်ရာ ဌာနများအနေဖြင့် အချိန်မီရရှိနိုင်ရေးနှင့် အရည်အသွေးမီ အဆင့်အတန်းရှိသည့် ကုန်ကြမ်းပစ္စည်းရရှိရေးကို စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ အစည်းအဝေး (၁၆)ကြိမ်အထိ ဆုံးဖြတ်ချက် ၅၆၀ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ ၂ နှစ်နှင့် ၁၁ လ ကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၁၇၂၅၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉ ဒသမ ၂၄၇ ဘီလီယံ)ဖမ်းဆီးရမိခဲ့ကြောင်း။

၂၀၂၄ ခုနှစ် စက်တင်ဘာလ၊ အောက်တိုဘာလနှင့်နိုဝင်ဘာလအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံး၊ ကရင်ပြည်နယ်က ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက အများဆုံးဖြစ်ပြီး လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင် ကုန်စည်တင်မော်တော်ယာဉ်ဖမ်းဆီးရရှိမှုများက ဒုတိယအများဆုံးနှင့် တတိယအများဆုံးသည် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် လအလိုက် ဖမ်းဆီးရရှိမှုမှာ တစ်လထက်တစ်လ တိုးတက်ဖမ်းဆီးနိုင်ခဲ့သော်လည်း မိမိနိုင်ငံနှင့် ကုန်သွယ်ဖက်အိမ်နီးချင်းနိုင်ငံတို့၏ ပို့ကုန်/သွင်းကုန်လက်ခံစာရင်းများ တိုက်ဆိုင်စစ်ဆေးရာတွင်မူ မိမိနိုင်ငံ၏ ပို့ကုန်ပိုင်းမှာရော သွင်းကုန်လက်ခံပိုင်းမှာပါ အိမ်နီးချင်းနိုင်ငံ၏ စာရင်းဇယားအရ များစွာလျော့နည်းမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဦးဆောင်ကော်မတီနှင့် အထူးအဖွဲ့များနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး တာဝန်ရှိသူအသီးသီးသည် တရားမဝင်ကုန်ပစ္စည်းများအား ယခုထက်ပို၍ လေးဆခန့် ထိထိရောက်ရောက်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်နေသည်ကို ရှင်းရှင်းလင်းလင်း တွေ့ရမည်ဖြစ်ကြောင်း။

ပို့ကုန်တင်ပို့မှုအပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးကိုလည်း လမ်းညွှန်ထားပါကြောင်း၊ ပို့ကုန်နှစ်ဆ တိုးမြှင့်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်နေသည့် MSMEs ကုန်ထုတ်လုပ်ငန်းများနှင့် ဆက်နွှယ်ထုတ်လုပ်သည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရာတွင် တရားမဝင်ကုန်သွယ်မှုသည် လုပ်ငန်းရှင်များ အရည်အသွေးမီ ဈေးကွက်ဝင်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် များစွာအဟန့်အတားဖြစ်နေပြီး ထိခိုက်နစ်နာဆုံးရှုံးမှုများ ရှိနေနိုင်သည်ကို သတိပြုကြရန်လိုကြောင်း။

ယင်းအပြင် တရားမဝင်ကုန်သွယ်မှုတားဆီးဖော်ထုတ်ရာတွင် သတင်းရရှိမှုသည် အရေးကြီးကြောင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွင်း သတင်းရရှိမှု ၂၀၄ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၇၉ ကြိမ်၊ နောက်ကျသတင်း လေးကြိမ်၊ သတင်းမှန် ၁၂၁ ကြိမ်ဖြစ်ကြောင်း၊ သတင်းရရှိမှုများကြောင့် ဖမ်းဆီးရမိမှုအမှုတွဲ ၂၄၂ မှုနှင့် ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ငါးဘီလီယံကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်းပေးပို့သည့် တာဝန်သိပြည်သူအရေအတွက် ယခုထက် ပိုမိုများပြားအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၇ သို့ ★

❖ ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေသည့် တရားမဝင်ကုန်သွယ်မှုများသည် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်နစ်နာရုံသာမက တရားမဝင်ကုန်သွယ်မှုကြောင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်စသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရသင့်ရထိုက်သော အခွန်အခများစွာ ဆုံးရှုံးနစ်နာစေပြီး နိုင်ငံ၏ GDP ကိုလည်း ကျဆင်းစေသည်ကို တွေ့ရှိရ

❖ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံတော်၏ဝင်ငွေကို ထိခိုက်စေနိုင်ပြီး သုံးစွဲမှုအပိုင်းတွင်လည်း ဝင်ငွေ၊ ထွက်ငွေမမျှတသည့်အတွက် ငွေကြေးဖောင်းပွမှုကိုလည်း ဖြစ်ပေါ်စေနိုင်

❖ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် အရေးကြီးသည့် လုပ်ငန်းဖြစ်ပြီး ဦးဆောင်ကော်မတီ၊ အထူးအဖွဲ့များမှလည်း နိုင်ငံတော်အတွက် အဓိကအထောက်အကူပြုသည့်အဖွဲ့များဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဆက်လက်ဖမ်းဆီး အရေးယူဆောင်ရွက်



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်မရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးခြင်းနှင့်လက်တွေ့မီးငြိမ်းသတ်နိုင်စေရေးတို့ကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၉နာရီက ရွှေအိုးနယ်မြေမီးသတ်စခန်း၌ ဆောင်ရွက်ခဲ့သည်။

စက်သုံးဆီအရောင်းဆိုင်များရှိ ဝန်ထမ်းများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များသည် လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် အသိပညာပေးပြောကြားခဲ့ပြီး စက်သုံးဆီအရောင်းဆိုင်ရှိ သတ်မှတ်ထားသည့် မီးဘေးလုံခြုံမှုရှိ၊ မရှိ၊ မီးဘေးကာကွယ်ရေးပစ္စည်းများ၊ စက်သုံးဆီသိုလှောင်ကန်များ၊ အစရှိသည်တို့အား လိုက်လံစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အရောင်းဆိုင်များရှိ ဝန်ထမ်းများ လက်တွေ့မီးငြိမ်းသတ်နိုင်စေရန် တစ်ဦးချင်း မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်ခဲ့ကြသည်။ မြို့နယ်အတွင်းရှိ ကျန်ရှိနေသေးသည့် စက်သုံးဆီအရောင်းဆိုင်များအား ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မီးဘေးသတိရှိစေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးသတိရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ပြည်သူများအနေဖြင့် နေအိမ်များတွင် မီးသတိပြုရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိရန်၊ လျှပ်စစ်မီး အသုံးပြုရာတွင်လည်း မီးဘေးလုံခြုံရေးအတွက် အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်ကြရန် စသည့်တို့ကို မြို့ပေါ်ရပ်ကွက်နှင့် လမ်းဆုံများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန တပ်ကြပ်ကြီး ဦးကိုကိုမောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ မီးဘေးအန္တရာယ်မီးသတိပေးဆော်ဩခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Dump Truck မြေသယ်ယာဉ်သုံးစီးနှင့် Honda Fit ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ဝန်းသိုမြို့သို့ သွားရောက်မည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုးနှင့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီးကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Misubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းတံတားဦး အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ဝမ်ဖိုင်ကျေးရွာအနီးတွင် ဒါးထို ဆိုသူ မောင်းနှင်ပြီး ဒါးခွန်နှင့် လီကျားဆိုသူတို့ လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒါးထို(၂၇)နှစ်၊ ဒါးခွန်(၂၄)နှစ်နှင့် လီကျား(၁၈)နှစ် ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မဟာအောင်မြေမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ လမ်း၆၀၊ ၃၇လမ်းနှင့် ၃၈လမ်းကြားတွင် ငွေကျပ်သိန်း ၉၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀၊ အလေးချိန် ၄ ဒသမ ၈ ကီလိုဂရမ်ခန့် ရောင်းချသုံးစွဲသူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၈)(တောင်ပိုင်း)မှ ရဲအုပ်မိုးမောင်မောင်နှင့်တပ်ဖွဲ့ဝင်များသည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် သတင်းအရ မဟာမြိုင်(၂)ရပ်ကွက်၊ လမ်း၆၀၊ ၃၇လမ်းနှင့် ၃၈လမ်းကြားရှိ ပြည်ကြီးမျက်ရှင်ကားရပ်နားခန်းအနီးတွင် စောင့်ဆိုင်းနေစဉ် ကားဂိတ်၌ ပါဆယ်ပစ္စည်း လာရောက် ထုတ်ယူသူ အောင်သိန်းဦး၊ စိုင်းခေးစုံ ဆိုသူတို့အား စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာမှ ပါဆယ်ဂျပ်ဖာပုံးအတွင်း သို့ဝှက်လျက် ပလတ်စတစ်အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော တံဆိပ်မပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၂၀ ထုပ်နှင့် ကင်မရာဘောက်အတွင်းမှ ပလတ်စတစ်အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော တံဆိပ်မပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၈၀ ထုပ်၊ စုစုပေါင်းဆေးပြား ၆၀၀၀၀၊ အလေးချိန် ၄ ဒသမ ၈ ကီလိုဂရမ်အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ အောင်သိန်းဦး (၃၆)နှစ်(အမရပူရမြို့နယ်)၊ စိုင်းခေးစုံ(၂၇)နှစ်(သီပေါမြို့နယ်)နေသူတို့အား အမှတ်(၉)မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၇)



# သတိပြုဖွယ် သတင်းနယ်ပယ် (၄)

**နိုင်ဗလ**

၁၉၇၉ခုနှစ်က ဖြစ်သည်။ အခြေခံပညာကျောင်းသားဖြစ်သူ ကျွန်တော်သည် ညနေကျောင်းဆင်း အိမ်တွင် အဝတ်အစားလဲပြီး သည်နှင့် ဘောလုံးကွင်း(သို့မဟုတ်)ရေကူးကန်သို့ သွားလေ့ရှိသည်။ ဘောလုံးကွင်း(သို့မဟုတ်)ရေကူးကန်တွင် ကျွန်တော်တို့၏ဘာသာရပ် ဆရာများဖြစ်သော ဆရာလှဦး(တ·က·က)၊ ဆရာကျော်ကျော် (တ·က·က)၊ ဆရာအောင်ကြည်(ဗက)၊ ဆရာဘိုဘို(ဗက၊ ပုလဲ ညွှန့်မှူး(ငြိမ်း))တို့ ရှိနေကြသည်။ သူငယ်ချင်းများပမာ ကစားကြ၊ ရေကူးကြသည်။ ငြင်းကြ၊ ခုန်ကြသည်။ ကျောင်းရောက်လျှင်တော့ ကြောက်ရသည်။ စာမရလျှင် အသေဆော်သည်။ စာရလျှင်လည်း အလိုလိုက်သည်။ စာမရလျှင် ညနေအချိန်ပိုခေါ်သည်။ ထိုထက် ဆိုးလာလျှင် ညပါအချိန်ပိုခေါ်၍ သင်ကြသောဆရာများဖြစ်သည်။ ထိုကစားသည့်ထဲတွင် ဆရာခင်မောင်ရင်(တ·က·က)မပါ၊ ဆရာ က အိမ်တွင် မွေးမြူရေးလုပ်ငန်းဖြင့် မအား၊ အားလျှင်လည်း စာဖတ်စာရေးနေတတ်သူဖြစ်သည်။ စာကြည့်တိုက်သို့မူ လာတတ် သည်။ ဘောလုံးကန်၊ ရေကူးပြီးလျှင် အိမ်ပြန် ထမင်းစားသည်။ ပြီးလျှင် စာကြည့်တိုက်သို့ အပြေးသွားသည်။ အသစ်ထွက်စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများကို သူများထက်ဦးအောင် ငှားရသည်။ မိမိငှားထားပြီးစာအုပ်ကို စာကြည့်တိုက်မှူး ဆရာလှိုင်ခင်အုန်း (ကဗျာဆရာ လှိုင်ခင်အုန်း(အမရပူရ))ထံ အပ်နှံသိမ်းဆည်းပြီး သတင်းစာများ၊ စာအုပ်၊ စာစောင်များကို ရသလောက် စာကြည့် တိုက်တွင်ပင် ထိုင်၍ ဖတ်သည်။

စာကြည့်တိုက်သို့ ဆရာခင်မောင်ရင်(မြန်စာဂုဏ်) (ဗိုလ်တစ် ထောင် သတင်းစာ ပင်တိုင်ခရီးသွားဆောင်းပါးရှင်) ရောက်လာ လေ့ရှိသည်။ ကျွန်တော်တို့ကို သတင်းစာအစမှ အဆုံးထိ တစ်လုံး မကျန် ဖတ်စေသည်။ (၁) သတင်းများအားလုံးကို အလျင်ဖတ်ပါ။ (နိုင်ငံတကာသတင်း အပါအဝင်) (၂) ခေါင်းကြီးကို ဖတ်ပါ။ (၃) ဆောင်းပါး၊ ကဗျာများကိုဖတ်ပါ။ (၄) ကြော်ငြာကိုဖတ်ပါ။ (နာရေးပါမကျန်)ဟု သင်ပြလေ့ရှိသည်။ တစ်ပတ်လျှင် နှစ်ကြိမ် ခန့် သတင်းစာနှင့်ပတ်သက်၍ ဆရာက ဆွေးနွေးပေးသည်။ (ကျောင်းတွင်)ထူးခြားသတင်း(နိုင်ငံတကာ)နှင့် ဆောင်းပါး၊ ကဗျာ တို့ကို အထူးပြုဆွေးနွေး၍ ကျောင်းသားများကို ဗဟုသုတပေး သည်။ ဆောင်းပါးရေးနည်းများကို ဆရာကိုယ်တိုင် ရေးသားထား သော သတင်းစာတွင်ပါသည့် ဆောင်းပါးတို့ဖြင့် ဥပမာပေး သင်ပြ သည်။ နာမည်ကျော်သတင်းစာ အယ်ဒီတာကြီးများအကြောင်း ပြောပြသည်။ ငယ်စဉ်ကတည်းက စာပေတွင် ဝါသနာပါပြီး အလျဉ်းသင့်လျှင် တပ်မတော်စာစဉ်၊ ပြပွဲများ(ထိုစဉ်က ရာပြည့် ကွင်း)တွင် ဝင်ရောက်လက်စွမ်းပြခဲ့သူဖြစ်သဖြင့် စိတ်ဝင်တစား နားထောင်သည်။ ကျောင်းပိတ်ရက်များတွင် ဆရာ့အိမ်သို့ သွား သည်။ အမေ(ဆရာကတော်)ချက်ကျွေးသော ထမင်းစားသည်။ ဆရာနှင့် ကြက်စာကူ၍ စင်းပေးရင်း၊ ကြက်စာကျွေးရင်း၊ ထမင်း စားရင်း ဆရာပြောသမျှ စာပေဗဟုသုတများကို သူငယ်ချင်း ဌေးမောင်နှင့်အတူ ခုံခုံမင်မင် နားထောင်ခဲ့သည်။ (သူငယ်ချင်း ဌေးမောင်မှာ ဆယ်တန်းအောင်ပြီးနောက် ရန်ကုန်မြို့တွင် ဥပဒေ ပညာအထူးပြုဖြင့် ကျောင်းတက်ခဲ့သည်။ ကျောင်းတက်ရင်း စစ်ကိုင်းမြို့မှ အောင်နိုင်ထွန်းနှင့်တွဲမိသည်။ မန္တလေးနေ့စဉ်သတင်း စာတိုက်တွင် အယ်ဒီတာအတူလုပ်ခဲ့သော အောင်နိုင်ထွန်း(မင်းဥဒိန်) နှင့် တက္ကသိုလ်စတက်ကတည်းက ခင်မင်ခဲ့သည်။ ကျောင်းပိတ်ရက် ၌ ဌေးမောင်ထံလာလည်ရင်း ခင်ခဲ့ကြခြင်းဖြစ် သည်။)

သတင်းစာစွဲမြဲစွာဖတ်ခဲ့သဖြင့် အချင်းချင်း စာပေနှင့်ပတ်သက် ၍ ငြင်းကြ၊ ခုန်ကြလျှင် သတင်းစာထဲမှ အကိုးအကားဖြင့် ငြင်း သည်။ စာလုံးပေါင်းသတ်ပုံနှင့်ပတ်သက်လျှင်လည်း သတင်းစာ ကိုပြ၍ သတင်းစာထဲမှ စာလုံးပေါင်းဖြင့် ငြင်းသည်။ သတင်းစာ သည် ကျွန်တော်၏ အဘိဓာန်၊ သတင်းစာသည် ကျွန်တော်၏ သတ်ပုံကျမ်း၊ သတင်းစာသည် ကျွန်တော်၏ သမိုင်းစာအုပ်၊ သတင်းစာသည် ကျွန်တော့်အတွက် ဗဟုသုတဟင်းလေးအိုးပမာ ဖြစ်ခဲ့သည်။ စာပေနှင့်ဆိုင်သော ကိစ္စတော်တော်များများ သတင်း စာဖြင့် ချိန်ထိုးကြည့်မိသည်။ ထို့ပြင် သတင်းစာဖတ်ရင်း သတင်းစာကို အားကိုးယုံကြည်စိတ်ဝင်စားခဲ့သည်။ စာစီစာကုံး ရေးရာတွင်ပင် သတင်းစာ၊ ဆောင်းပါး၊ ခေါင်းကြီးတို့၏ အရိပ် အောက်ခိုခဲ့သည်။ ဆရာခင်မောင်ရင်(မြန်စာဂုဏ်)၏ သတင်းစာနှင့် ယှဉ်၍ ပေးခဲ့သော ဗဟုသုတများကြောင့်ဖြစ်မည်။ သတင်းစာနှင့် ပတ်သက်၍ ဆရာခင်မောင်ရင်(မြန်စာဂုဏ်)သည် ပထမလက်ဦး ဆရာဖြစ်ခဲ့သည်။ ဘာအကြောင်းပြောပြော၊ သတင်းစာအကြောင်း ပါသဖြင့် ကျွန်တော့်ကို ငယ်စဉ်ကပင် သတင်းစာဆရာဟုပင် စနောက်ခေါ်ကြသည်။

တစ်ရက်က သူငယ်ချင်း စန်းဝင်းလှိုင်တို့ အိမ်ရှေ့ကွပ်ပျစ်တွင် စန်းဝင်းလှိုင်၊ ကျော်ကျော်နှင့် ကျွန်တော် သတင်းစာအကြောင်း ပြောနေစဉ် ခေတ္တအလည်ရောက်နေသော စန်းဝင်းလှိုင်၏အစ်ကို ဗိုလ်ကြီးထွန်းထွန်းလှိုင်က ထိုင်နားထောင်ပြီး ညီလေးက သတင်း စာ တော်တော်ဖတ်ပုံရတယ်။ သတင်းစာကို စိတ်ဝင်စားလားဟု မေးရာ အစ်ကိုရေ စိတ်ဝင်စားသလားမမေးနဲ့ သူ့ကို နာမည်ပြောင် တောင် သတင်းစာဆရာလို့ပေးထားတာဟု ပြောခဲ့သည်။ ကိုထွန်း ထွန်းလှိုင်(၁၈---)က ကောင်းတာပေါ့။ ငါလည်း စိတ်ဝင်စားတာ ပဲဟုဆိုကာ သတင်းစာပညာရပ်အကြောင်း အနည်းငယ်ပြောပြသည်။ သတင်းစာသာဖတ်၍ သတင်းစာပညာဆိုသည်ကိုမသိသဖြင့် စိတ်ဝင် တစား နားထောင်မိသည်။ အယ်ဒီတာအကြောင်းပြောရာ ကျွန်တော် တို့သိသော ဖြစ်ချင်သော အယ်ဒီတာတစ်ယောက်ဖြစ်ရန် လွန်စွာ ခက်ခဲကြောင်း သိခဲ့သည်။ ကိုထွန်းထွန်းလှိုင် ပြန်ခါနီးတွင် သတင်း စာပညာနှင့်ပတ်သက်သော မှတ်စုများ ရေးသားထားသည့် စာအုပ် တစ်အုပ် လက်ဆောင်ပေးခဲ့သည်။ ထိုစာအုပ်အား ထပ်ခါထပ်ခါ ဖတ်ရင်း ပိုမိုသိချင်လာမိသည်။ ကိုထွန်းထွန်းလှိုင် အလည်လာတိုင်း သွားတွေ့၍ စကားပြောမိသည်။ သတင်းစာဆိုင်ရာများကို မေးမြန်း သည်။ စိတ်ရှည်စွာ ရှင်းပြပေးသည့်အပြင် လေ့လာစရာစာအုပ်များ လည်း ရှာလာပြီး လက်ဆောင်ပေးခဲ့သည်။ ငါ့ညီက သတင်းစာ ဆရာ(ထိုစဉ်က နာမည်ပြောင်)ဆိုတော့ သတင်းစာဆိုင်ရာ စာအုပ် တွေ အများကြီးပေးသုံးမယ် လေ့လာပေါ့ကွာဟု ပြောခဲ့သေးသည်။ ကိုထွန်းထွန်းလှိုင်သည် သတင်းစာနှင့်ပတ်သက်လျှင် ဒုတိယဆရာ ဖြစ်ခဲ့သည်။ ဖတ်၍ နားလည်ပြီး သိနိုင်သည့်အချက်များကို မကြာ ခဏဖတ်နေသဖြင့် အတော်များများ မှတ်မိသည်။ အချို့အကြောင်း အရာများမှာ ဖတ်သာဖတ်နေရသည်။ နားလည်းမလည် မှတ်မိရန် လည်း ခက်သည်တို့ ပါဝင်နေခဲ့သည်။ သတင်းစာတွင် သုံးသော စာလုံးအရွယ်အစားများကို မှတ်ရသည်။ သတင်းစာကြည့်ရင်းဖြင့် မှတ်ခြင်းဖြစ်၍ အတော်များများကို မှန်အောင်မှတ်နိုင်ခဲ့သည်။ ၁၂ပွိုင့်မှ ၇၂ပွိုင့်အထိ မှတ်ခဲ့ရသည်။ ရှားရှားပါးပါးသုံးသော ၈၄ပွိုင့် လည်း မှတ်ရသည်။ ဘယ်နှစ်ပွိုင့်၊ ဘယ်နှစ်လိုင်းစသည်ဖြင့် မှတ် ရသည်။ မကြည့်တာကြာလျှင် မမှတ်မိတော့။

ခဲစာလုံးများအကြောင်းနှင့် စာစီလုပ်သားများအကြောင်းလည်း သင်ကြားခဲ့ရသည်။ ယခုခေတ်ကဲ့သို့ ကွန်ပျူတာဖြင့် စီခြင်းမျိုး မဟုတ်၊ ခဲစာလုံးများကို လက်ဖြင့် တစ်လုံးစီ စီရခြင်းဖြစ်သည်။ ခဲတောင့်ရှည်ကလေးများ ထိပ်တွင် စာလုံးထွင်းထားခြင်းဖြစ်သည်။ ခဲစာလုံးဟု ဆိုသော်လည်း ခဲမဖြူ(သံဖြူ)၊ ခနောက်စိမ်း၊ ခဲတို့ကို သတ်မှတ်အချိုးဖြင့် စပ်ထားပြီးစာလုံးများ ထွင်းထားခြင်းဖြစ် သည်။ စာလုံးများကို ပြောင်းပြန်ထွင်းထားသည်။ ခဲစာလုံးအမျိုး မျိုးကို သစ်သားဖြင့်ပြုလုပ်ထားသော အကန့်များစွာပါသည့် စာခွက်များတွင် ထည့်ထားသည်။ အောက်စာခွက်ကို ခပ်လှဲလှဲ ထားပြီး အထက်စာခွက်ကို ခပ်စောင်းစောင်းထောင်ထားသည်။ အက္ခရာစဉ်ဖြင့် ထားခြင်းမဟုတ်၊ သီးခြားပုံစံဖြင့် မှတ်သား၍ ထည့်ထားခြင်း ဖြစ်သည်။ အထက်စာခွက်တွင် စာလုံး ၁၆၀၊ အောက်စာခွက်တွင် ၆၉လုံး၊ စာပိုနှင့် ပါဠိအက္ခရာ ၆၂၅လုံး၊ လက္ခဏာအမှတ်အသား ၆၇၊ စုစုပေါင်း ၉၂၁ မျိုးဟု ဆိုသည်။ စာတစ်ခုလျှင် ခဲစာလုံးပေါင်ချိန် ၁၀၀ ကျော် ထည့်ရသည်။ စာစီသမားကို စာခွက်နှိုက်ဟု ကျွန်တော်တို့က ခေါ်သည်။ စာစီ သမားဖြစ်ရန် စာခွက်ပုံစံများကို ကျက်ရသည်။ စာလုံးအကိုင် ကျင့် ရသည်(အတည့်ပြောင်းပြန်သိရန်)၊ ခဲစာလုံးအရွယ်အစားလိုက် ကောက်ပြီး အကျဉ်း၊ အကျယ် ညှိ၍ရသော စတစ်အတွင်း အတန်း လိုက်ထည့်သည်။ စာကြောင်းများကို ကြေးပြားနှစ်ခုညှပ်လျက် ထုတ်ယူပြီး သွပ်ပြားကို သစ်သားကွပ်ထားသည့် စာလင်ပန်း (Galley)တွင် ထည့်ရသည်။ ပြီးလျှင် အကြမ်းရိုက်(ဂယ်လီပရုဖ်) ထုတ်၍ စာပြင်ဆရာထံ ပို့ရသည်။ ခဲစာလုံးပုံနှိပ်စက်ကို မမြင်ဘူးပဲ ထိုအကြောင်းအရာများ မှတ်ခဲ့ရသည်။ လက်တွေ့မရှိ၍ မှတ်လိုက်၊ မေ့လိုက်ဖြင့် ဖြစ်ခဲ့သည်။ကိုထွန်းထွန်းလှိုင်က "နားမလည်လည်း မှတ်ထား၊ တစ်ချိန် အသုံးတည့်လာလိမ့်မယ်"ဟု ပြော၍သာ မှတ်ရသည်။ ဘာမှန်းညာမှန်းမသိခဲ့။ ရတနာပုံသတင်းစာတိုက်တွင် အယ်ဒီတာလုပ်ရန် အင်တာဗျူးဝင်မှ ကိုယ်မှတ်ခဲ့သည့် တန်ဖိုးကို သိခဲ့ရသည်။ အထက်တန်း ကျောင်းသားဘဝက မှတ်သား လေ့လာခဲ့သမျှ အကျိုးဝင်နေသည်ကို တွေ့ရသည်။ အင်တာဗျူး ရာတွင် အယ်ဒီတာ တာဝန်မှစ၍ စာပြင်၊ စာစီ၊ ပုံနှိပ်စက်အကြောင်း ကို အစဉ်အတိုင်းမေးခဲ့ရာ စာစီနှင့် ပုံနှိပ်စက်ပိုင်းတွင် ဖြေနိုင်သော် လည်း လက်တွေ့မမြင်ဘူး၍ လွဲဖြေခဲ့သည်များ ရှိခဲ့သည်။ သို့သော် အင်တာဗျူးအရာရှိများက သတင်းစာလုပ်ငန်းအတွေ့အကြုံရှိသူ၊ လုပ်ဖူးသူဟု ထင်ကြသည်။ ပုံနှိပ်စက်နှင့် စာစီခြင်းကို မတွေ့ဖူး ဘူးဟုဖြေရာ မတွေ့ဘူးပဲနှင့် အတော်များများ မှန်အောင်ဖြေနိုင် သဖြင့် သဘောကျခဲ့ကြသည်။ အင်တာဗျူးပြီးမှ ပုံနှိပ်စက်ခန်းနှင့် စာစီခန်းကို ဝင်ကြည့်ရသည်။ တအံ့တသြဖြင့် ထမင်းမစားဘဲ ထိုင်ကြည့်နေခဲ့မိသည်။ (ထိုစာခွက်နှိုက်ပညာကို တတ်ကျွမ်းသူ၊ လုပ်ကိုင်ခဲ့ဖူးသူများ မရှိသလောက် ရှားသွားပြီဖြစ်သည်။ မန္တလေး တွင် စာခွက်နှိုက်ဆရာတစ်ဦး ယခုထက်တိုင်ရှိနေသည်။ ထိုသူ မှာ အခြားမဟုတ်၊ ယနေ့ထိ မန္တလေးနေ့စဉ်သတင်းစာတိုက် တွင် ကွန်ပျူတာခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးအောင်မျိုးမြတ်ဖြစ်သည်။ သူသည် စာခွက်နှိုက်စာစီမှသည် ကွန်ပျူတာခေတ်အထိ အစဉ်အဆက်လုပ်ကိုင်၊ သိမီခဲ့သူ အန်းဒိတ် ပညာရှင်ကြီးပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။) စာခွက်နှိုက် စာပစ်လုပ်ငန်းသည် ခက်ခဲသလောက် အနုပညာလည်းဆန်သည်။ မှတ်ဉာဏ်ကောင်းဖို့လည်းလိုသည်။ သွက်လက်ချက်ချာရန်လည်း လိုသည်။ လွန်စွာခက်ခဲသော အလုပ်ဖြစ်ကြောင်း စာတွေ့၊ မျက် တွေ့ဖြင့်ပင် မှတ်ချက်ပြုမိသည်။ အန်းဒိတ်ပညာများ စာတွေ့ လေ့လာခဲ့သော ကျွန်တော်နှင့် အန်းဒိတ်ပညာရှင် ဦးအောင်မျိုးမြတ် တို့ (၂၆)နှစ်ခန့်မျှ အတူတွဲခဲ့ကြသည်။ သတင်းစာတိုက်၏ အခက် အခဲများကိုလည်း လက်တွဲကျော်ဖြတ်ခဲ့ကြသည်။ ယခုအချိန်ထိ ဦးအောင်မျိုးမြတ်က စာစီပညာများကို တပည့်များအား ဖြန့်ဝေပေး နေဆဲဖြစ်သည်။ ကျွန်တော်လည်း စာဖောင်များစစ်ရင်း စာပြင်ဆရာ၊ ဆရာမများကို မေးလျှင်သော်လည်းကောင်း၊ စာဖောင်တွင် မှတ် သားစရာ ဥပမာပါလျှင်သော်လည်းကောင်း ညွှန်ပြလက်ဆင့်ကမ်း ပေးလျက်ရှိသည်။ အန်းဒိတ်ပညာအချို့ကမူ ဗဟုသုတအဖြစ်သာ ဦးနှောက်နှင့် မှတ်စုစာအုပ်တွင် ငြိမ်သက်အိပ်မောကျနေပေသည်။

ခဲစာလုံးဟုဆိုသော်လည်း ခဲမဖြူ(သံဖြူ)၊ ခနောက်စိမ်း၊ ခဲတို့ကို သတ်မှတ်အချိုးဖြင့် စပ်ထားသော စာလုံးများ ထွင်းထားခြင်းဖြစ်သည်။ စာလုံးများကို ပြောင်းပြန်ထွင်းထားသည်။ ခဲစာလုံးအမျိုးမျိုးကို သစ်သားဖြင့်ပြုလုပ်ထားသော အကန့်များစွာပါသည့် စာခွက်များတွင် ထည့်ထားသည်။ အောက်စာခွက်ကို ခပ်လှဲလှဲထားပြီး အထက်စာခွက်ကို ခပ်စောင်းစောင်းထောင်ထားသည်။ အက္ခရာစဉ်ဖြင့် ထားခြင်းမဟုတ်၊ သီးခြားပုံစံဖြင့် မှတ်သား၍ ထည့်ထားခြင်း ဖြစ်သည်။






## အန်တိုနီယို ခြေထောက်ကျိုးဒဏ်ရာကြောင့် တစ်နှစ်နီးပါးခန့် အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၁၀**

ဝက်စ်ဟမ်းအသင်း တိုက်စစ်မှူး အန်တိုနီယို ကားမတော်တဆမှုဖြစ်ပွားခဲ့ပြီး ခြေထောက်ကျိုးသွားခဲ့ခြင်းကြောင့် ခွဲစိတ်ကုသမှု ခံယူခဲ့ရာ တစ်နှစ်နီးပါးခန့် အနားယူသွားရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လန်ဒန်မြို့ အရှေ့မြောက်အရပ်ရှိ အက်ပင်းတောအုပ်အတွင်း ၎င်းမောင်းနှင်လာသည့် ကားသည် လမ်းမပေါ်တွင် လမ်းချော်ကာ လမ်းဘေးက သစ်ပင်ကို ဝင်တိုက်ခဲ့ပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး အန်တိုနီယို ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သဖြင့် ဝက်စ်ဟမ်းအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၄)နှစ် အရွယ်ရှိ တိုက်စစ်မှူး အန်တိုနီယိုသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၃ ပွဲကစားပြီး ၈၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## ခရစ္စတီယန်ရိုမဲရိုး ကြွက်သားဒဏ်ရာရရှိခဲ့ခြင်းကြောင့် စပါးအသင်းခံစစ်ပိုင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာ

**လန်ဒန် ဒီဇင်ဘာ ၁၀**

စပါးအသင်း နောက်ခံကစားသမား ခရစ္စတီယန်ရိုမဲရိုး ကြွက်သားဒဏ်ရာရရှိခဲ့မှုကြောင့် ဖေဖော်ဝါရီလ... ဖပတ်ခန့် အနားယူရမည်ဖြစ်ပြီး အသင်းခံစစ်ပိုင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းက ချဲလ်ဆီးအသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား ခရစ္စတီယန်ရိုမဲရိုးသည် စပါးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၁၁၂ပွဲကစားပြီး ၇ ဂိုးထိ သွင်းယူထားသည်။

စပါးအသင်းထုတ်ပြန်ချက်တွင် "ခရစ္စတီယန်ရိုမဲရိုး ဒဏ်ရာကြောင့် ဖပတ်ခန့် အနားယူရမှာပါ။ သူ့ရဲ့ ဒဏ်ရာအမြန်ဆုံး သက်သာပျောက်ကင်းဖို့လည်း မျှော်လင့်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ဗလာဟိုဗစ်အား ဂျူဗင်တပ်အသင်း ရောင်းချသွားမည်

**တူရင် ဒီဇင်ဘာ ၁၀**

စီးရီးအေကလပ်ဂျူဗင်တပ်အသင်းသည် အသင်းနှင့်စာချုပ်သက်တမ်းတိုးရန် အဆင်မပြေဖြစ်ခဲ့သည့် တိုက်စစ်မှူး ဗလာဟိုဗစ်အား ရောင်းချသွားမည်ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် အာဆင်နယ်၊ မန်ချက်စတာယူနိုက်တက်၊ ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၈ ပွဲ ကစားပြီး ဂိုး ၅၀ ထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အာဆင်နယ်၊ မန်ချက်စတာယူနိုက်တက်၊ ချဲလ်ဆီးအသင်းတို့အနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းမှ ရောင်းချမည်ဖြစ်သော ဗလာဟိုဗစ်အား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**

## ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အန်းဒရစ်အတည်ပြု



**မက်ဒရစ် ဒီဇင်ဘာ ၁၀**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အန်းဒရစ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာသွားမည်မဟုတ်ဘဲ ပုံမှန်ပွဲထွက်ခွင့်ရရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

တိုက်စစ်မှူး အန်းဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲ စုံ ၁၄ပွဲကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၁၈)နှစ်အရွယ်ရှိ အန်းဒရစ်က "ကျွန်တော် ရီးရဲလ်မက်ဒရစ်မှာပဲ ဆက်ရှိသွားမှာပါ။ ပုံမှန်ပွဲထွက်ခွင့်ရရေး ဆက်လက်တိုက်ပွဲဝင်သွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း သိမ်းပိုက်ရယူသွားချင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**



### FIFA အင်တာနေရှင်နယ်ဖလား ဘောလုံးပြိုင်ပွဲ(ဒုတိယအဆင့်-ခြေစစ်ပွဲ)ပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၁-၁၂-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ည ၁၁း၃၀ နာရီ | ဘိုတာဖိုဂို(ဘရာဇီး-၁) - ပါချူကာ(မက္ကဆီကို-၁၆) |

### အရှေ့တောင်အာရှ ချန်ပီယံရှစ် (မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ(အုပ်စု-က)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၁-၁၂-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ ၅း၃၀ နာရီ | စင်ကာပူ - ကမ္ဘောဒီးယား |
| ။ | ည ၇း၃၀ နာရီ | မလေးရှား - တီမော |

## ပရီးမီးယားလိဂ်ဒိုင်လူကြီး ဒေးဗစ်ကိုးတီအား ရာထူးမှ ထုတ်ပယ်လိုက်ပြီဟု အင်္ဂလန်ဒိုင်လူကြီးများအဖွဲ့ချုပ်(PGMOL)ထုတ်ပြန်

**တူရင် ဒီဇင်ဘာ ၁၀**

ပရီးမီးယားလိဂ်ဒိုင်လူကြီး ဒေးဗစ်ကိုးတီအား စည်းကမ်းများ ချိုးဖောက်ခဲ့မှုကြောင့် ရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အင်္ဂလန်ဒိုင်လူကြီးများအဖွဲ့ချုပ်(PGMOL)က အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဒိုင်လူကြီးသည် လီဗာပူးအသင်းနည်းပြဟောင်း ယာဂန်ကလော့ပ်နှင့် လီဗာပူးအသင်းအား ရိုင်းပျစွာ စော်ကားပြောဆိုခဲ့သည့်ဖြစ်ရပ်များအပြင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကိုကင်းလို့ ယူဆရသည့် အဖြူရောင်အမှုန့်များ ရှူနေသည့် ဗီဒီယိုဖိုင်လည်း ပျံ့နှံ့ခဲ့မှုကြောင့် အင်္ဂလန်ဒိုင်လူကြီးများအဖွဲ့ချုပ်(PGMOL)က ရာထူးမှ ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

**(ယာပုံ) (NGB)**



### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၆)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲဒ် အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၂-၁၂-၂၀၂၄ နံနက် ၀၀း၁၅ နာရီ | (၁၅) အက်သလက်တီကို - ဆလိုဗန်(၃၅) | - | အက်သလက်(အိမ်) | ၈ | ၆ | ၂ | - | ၁၈ | ၆ |
| | (စပိန်-၃) (ဆလိုဗက်ကီးယား-၁) | | ဆလိုဗန်(ဧည့်) | ၉ | ၇ | ၁ | ၁ | ၂၃ | ၁၀ |
| ။ | (၁၂) လိုင်လီ - စတန်းဂရပ်(၂၉) | လိုင်လီ ၁-၁ စတန်းဂရပ် | လိုင်လီ(အိမ်) | ၇ | ၄ | ၂ | ၁ | ၁၃ | ၉ |
| | (ပြင်သစ်-၄) (ဩစတြီးယား-၁) | စတန်းဂရပ် ၀-၃ လိုင်လီ | စတန်းဂရပ်(ဧည့်) | ၈ | ၅ | ၂ | ၁ | ၁၄ | ၇ |
| ၁၂-၁၂-၂၀၂၄ နံနက် ၀၂း၃၀ နာရီ | (၁၄) ဘင်ဖီကာ - ဘိုလော့ညာ(၃၃) | - | ဘင်ဖီကာ(အိမ်) | ၇ | ၇ | - | - | ၂၃ | ၃ |
| | (ပေါ်တူဂီ-၂) (အီတလီ-၈) | | ဘိုလော့ညာ(ဧည့်) | ၈ | ၃ | ၃ | ၂ | ၁၃ | ၁၅ |
| ။ | (၃၁) ဒေါ့မွန် - ဘာစီလိုနာ(၁၄) | ဒေါ့မွန် ၀-၀ ဘာစီလိုနာ | ဒေါ့မွန်(အိမ်) | ၇ | ၆ | ၁ | - | ၁၉ | ၇ |
| | (ဂျာမနီ-၆) (စပိန်-၁) | ဘာစီလိုနာ ၃-၁ ဒေါ့မွန် | ဘာစီလိုနာ(ဧည့်) | ၁၁ | ၇ | ၂ | ၂ | ၃၁ | ၁၄ |
| ။ | (၂၁) ဖိယင်နာ - ပေါ်တာပရပ်(၂၈) | ဖိယင်နာ ၂-၂ ပေါ်တာပရပ် | ဖိယင်နာ(အိမ်) | ၇ | ၄ | ၂ | ၁ | ၁၂ | ၇ |
| | (နယ်သာလန်-၄) (ချက်-၃) | ပေါ်တာပရပ် ၂-၀ ဖိယင်နာ | ပေါ်တာပရပ်(ဧည့်) | ၉ | ၅ | ၂ | ၂ | ၁၆ | ၉ |
| ။ | (၁၉) ဂျူဗင်တပ် - မန်စီးတီး(၁၇) | ဂျူဗင်တပ် ၁-၀ မန်စီးတီး | ဂျူဗင်တပ်(အိမ်) | ၈ | ၃ | ၅ | - | ၁၁ | ၅ |
| | (အီတလီ-၆) (အင်္ဂလန်-၄) | မန်စီးတီး ၁-၂ ဂျူဗင်တပ် | မန်စီးတီး(ဧည့်) | ၈ | ၃ | ၂ | ၃ | ၁၂ | ၁၁ |
| ။ | (၁၆) အေစီမီလန် - ရက်ဒေါ့စတားဘဲဂရိတ်(၃၁) | အေစီမီလန် ၁-၁ ရက်ဒေါ့စတားဘဲဂရိတ် | အေစီမီလန်(အိမ်) | ၇ | ၄ | ၂ | ၁ | ၁၃ | ၄ |
| | (အီတလီ-၇) (ဆားဘီးယား-၁) | ရက်ဒေါ့စတားဘဲဂရိတ် ၂-၂ အေစီမီလန် | ရက်စတား(ဧည့်) | ၈ | ၈ | - | - | ၂၄ | ၃ |
| ။ | (၂၇) စတုဂတ် - ယန်းဘွိုင်းစ်(၃၆) | ယန်းဘွိုင်းစ် ၃-၁ စတုဂတ် | စတုဂတ်(အိမ်) | ၇ | ၄ | ၂ | ၁ | ၁၈ | ၁၁ |
| | (ဂျာမနီ-၈) (ဆွစ်ဇာလန်-၉) | (၂၉-၆-၂၀၁၉ ခြေစမ်းပွဲ) | ယန်းဘွိုင်းစ်(ဧည့်) | ၉ | ၁ | ၃ | ၅ | ၉ | ၁၇ |
| ။ | (၂၄) အာဆင်နယ် - မိုနာကို(၂၀) | အာဆင်နယ် ၁-၁ မိုနာကို | အာဆင်နယ်(အိမ်) | ၇ | ၅ | ၂ | - | ၁၇ | ၆ |
| | (အင်္ဂလန်-၃) (ပြင်သစ်-၃) | (၂-၈-၂၀၂၃ အမ်းမရိတ်ဖလား) | မိုနာကို(ဧည့်) | ၆ | ၄ | - | ၂ | ၁၂ | ၆ |

( )အတွင်းမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း(၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၂-၁၂-၂၀၂၄ နံနက်၀၂း၁၅နာရီ | (၁၁)မီဝေါလ် - ရှက်ဖီးလ်Utd(၁) | မီဝေါလ် ၃-၂ ရှက်ဖီးလ်Utd | မီဝေါလ်(အိမ်) | ၁၀ | ၅ | ၂ | ၃ | ၁၃ | ၈ |
| | (W,D,D,D,L) (W,D,W,W,D) | ရှက်ဖီးလ်Utd ၂-၀ မီဝေါလ် | ရှက်ဖီးလ်Utd(ဧည့်) | ၁၀ | ၄ | ၂ | ၂ | ၁၃ | ၉ |
| ။ | (၂၁)ကာဒစ်ဖ် - ပရက်စတန်(၁၇) | ကာဒစ်ဖ် ၀-၂ ပရက်စတန် | ကာဒစ်ဖ်(အိမ်) | ၉ | ၄ | - | ၅ | ၁၁ | ၁၂ |
| | (L,L,D,L,D) (L,D,D,D,D) | ပရက်စတန် ၁-၂ ကာဒစ်ဖ် | ပရက်စတန်(ဧည့်) | ၉ | - | ၅ | ၄ | ၈ | ၁၇ |
| ။ | (၂၄)ဟားလ်စီးတီး - ဝက်စ်ဗို့မ်(၇) | ဟားလ်စီးတီး ၁-၂ ဝက်စ်ဗို့မ် | ဟားလ်စီးတီး(အိမ်) | ၁၀ | ၁ | ၄ | ၅ | ၈ | ၁၂ |
| | (L,L,L,L,L) (L,W,D,W,D) | ဝက်စ်ဗို့မ် ၀-၀ ဟားလ်စီးတီး | ဝက်စ်ဗို့မ်(ဧည့်) | ၉ | ၂ | ၁ | ၆ | ၁၃ | ၂၀ |
| ။ | (၂၀)QPR - အောက်စ်ဖို့ဒ်(၁၉) | QPR ၁-၀ အောက်စ်ဖို့ဒ် | QPR(အိမ်) | ၁၀ | ၁ | ၅ | ၄ | ၁၁ | ၁၆ |
| | (L,D,W,D,W) (W,L,L,L,D) | အောက်စ်ဖို့ဒ် ၄-၁ QPR | အောက်စ်ဖို့ဒ်(ဧည့်) | ၈ | - | ၂ | ၆ | ၇ | ၁၆ |
| ၁၂-၁၂-၂၀၂၄ နံနက်၀၂း၃၀နာရီ | (၈)ဝက်စ်ဘရွန်း - ကိုဗင်ထရီ(၁၄) | ဝက်စ်ဘရွန်း ၂-၁ ကိုဗင်ထရီ | ဝက်စ်ဘရွန်း(အိမ်) | ၉ | ၂ | ၆ | ၁ | ၆ | ၅ |
| | (W,D,D,D,D) (D,D,L,D,W) | ကိုဗင်ထရီ ၀-၂ ဝက်စ်ဘရွန်း | ကိုဗင်ထရီ(ဧည့်) | ၁၀ | ၂ | ၄ | ၄ | ၉ | ၁၂ |

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၁-၁၂-၂၀၂၄ ည ၁၀း၀၀ နာရီ | (၃၂) ဖီနာဘာချီ - ဘီလ်ဘာအို(၃၆) | ဖီနာဘာချီ ၀-၀ ဘီလ်ဘာအို | ဖီနာဘာချီ(အိမ်) | ၆ | ၅ | - | ၁ | ၁၄ | ၄ |
| | (တူရကီ-၂) (စပိန်-၄) | (၁၈-၇-၂၀၁၇ ခြေစမ်းပွဲ) | ဘီလ်ဘာအို(ဧည့်) | ၇ | ၃ | ၂ | ၂ | ၁၀ | ၈ |

( )အတွင်းမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း(၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှု



**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ကွင်းဆင်းရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာပညာရေးဒီဂရီကောလိပ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသည့် စတုရန်းပေ ၁၉၇,၁၁၄ ပေ၊ ပင်မစာသင်ဆောင် ၃ ထပ် အာရ်စီတစ်ဆောင် ဆောက်လုပ်နေမှုနှင့်လုပ်ငန်းများပြီးစီးနေမှု၊ ၃၄၅ ပေx၂၂၅ပေ အကျယ် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဘက်စုံသုံးခန်းမတည်ဆောက်ရန် လျာထားမြေနေရာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကိုဖြည့်စွက် ပြောကြားပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တောင်ကျေးရွာအုပ်စု၊ ထိန်ကန်ကျေးရွာရှိ အလုံပိတ်အအေးခန်းစနစ်ဖြင့် ဆောင်ရွက်နေသည့် အသားတိုးကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံပိုင်ရှင် ဦးသန်းဦးက နှစ်ထပ်ရုံ ၅ခြံဖြင့် ကြက်အကောင် ၃၆,၀၀၀ကောင် မွေးမြူထားရှိမှု၊ လုပ်ငန်းလည်ပတ်နေမှုနှင့် ကြုံတွေ့နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်က စိုက်ပျိုးမွေးမြူထုတ်လုပ်မှု ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင်နှင့် ကုန်ဈေးနှုန်းများ တည်ငြိမ်အောင်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ကုန်ထုတ်လုပ်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ပြည်သူများအား သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေး၊ လောင်စာဆီသုံးစွဲမှုပမာဏလျှော့ချနိုင်ပြီး လျှပ်စစ်မီး လိုအပ်ချက်အား တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာစနစ်ဖြင့် တွဲဖက်အသုံးပြုသွားနိုင်ရေးတို့ကို ကြိုးစားဆောင်ရွက်စေချင်ပါကြောင်း ပြောကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ခြံအတွင်း ကြည့်ရှုခဲ့သည်။

ဆက်လက်၍ သာစည်မြို့နယ်၊ ရွာပုလဲကြီးအုပ်စု၊ သံရွာအနီးရှိ ဆိုလာစီမံကိန်းသို့ ရောက်ရှိပြီ Great Success Energy Co.,Ltd. မှ ဥက္ကဋ္ဌ ဦးသောင်းကြိုင်က နိုင်ငံတော်အတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားများကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်သာစည်မြို့နယ်အတွင်း Solar Power Plant (30 MW) ၃ နေရာ ၊ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ် သံတဲရွာအနီး Solar Power Plant (20 MW) တစ်နေရာတပ်ဆင်ဆောင်ရွက်ထားပြီး လုပ်ငန်းများလည်ပတ်နေမှု၊ ယခုစီမံကိန်းတွင် 550 W-Solar Panel ပေါင်း ၇၄,၃၄၀ ချပ် တပ်ဆင်ဆောင်ရွက်ထားမှု၊ Tracking System အသုံးပြုထားမှု၊ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို Battery Energy Storage System များမှတစ်ဆင့် နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ပေးပို့နေမှု၊ ဆိုလာစီမံကိန်းများမှ နှစ်အလိုက် လျှပ်စစ်ဓာတ်အားထွက်ရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က လိုအပ်နေသည့်လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရန် သဘာဝအလျောက် စဉ်ဆက်မပြတ်ရရှိနေသော စွမ်းအင်အရင်းအမြစ်များမှ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာစီမံကိန်းများ တိုးတက်များပြားလာခြင်းသည် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပေးခြင်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူများစွာပြုပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ စီမံကိန်းအတွင်း ကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်အိုင်ကျေးရွာ အုပ်စုရှိ ဆောင်းကြက်သွန်နီ ဧက ၁၀၀ စံပြကွက်သို့ ရောက်ရှိပြီး တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပျိုးပင်များ စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးရေသွင်းနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ မိတ္ထီလာစက်မှုဇုန်ရှိ ရွှေပြည်စိုး ဆီစက်လုပ်ငန်းသို့လည်းကောင်း၊ ဝမ်းတွင်းမြို့နယ်၊ တံတားဦးရပ်၊ ဝမ်းတွင်း ၂ ရပ်ကွက်ရှိ နှင်းဆီနီ အထည်အလိပ်လုပ်ငန်းသို့လည်းကောင်း ရောက်ရှိပြီး လုပ်ငန်းရှင်များမှ ထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀









သတင်း-စာမျက်နှာ ၁၂









# အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ယနေ့ နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ်ဒေးဝန်းအနောက်ရပ်ကွက် သင်္ဂဇာအရှေ့ပတ်လမ်းနှင့် ၂၉ လမ်းထိပ်တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် အခြေခံစားသောက်ကုန်မှ ကြက်ဥတစ်လုံး ငွေကျပ် ၃၈၀၊ ကြက်သား ၁ ပိဿာ ငွေကျပ် ၁၅၀၀၀၊ ဝက်သား ၁ ပိဿာ ငွေကျပ် ၂၄၀၀၀၊ အမဲသား ၁ ပိဿာ ငွေကျပ် ၁၈၀၀၀၊ ဆိတ်သား ၁ ပိဿာ ငွေကျပ် ၂၂၀၀၀ သက်သာနှုန်းထားဖြင့် ရောင်းချပေးခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်တက္ကသိုလ်ရပ်ကွက်၊ ၇၃ လမ်း ၄၁ လမ်းတွင် ရောင်းချပေးသွားမည်။

သက်သာဈေးတိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနမှ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



# သရက်မြို့၌ မီးခိုးမြူငွေ့ ညစ်ညမ်းမှုအကြောင်း အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**သရက် ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မီးခိုးမြူငွေ့ ညစ်ညမ်းမှုအကြောင်း အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရာပြည့်ခန်းမ၌ ဆောင်ရွက်ခဲ့ရာ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူ(၁၅၀)ဦးခန့် တက်ရောက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် မမြင်နိုင်သော လူသတ်သမား P.M.2.5 အန္တရာယ်အသိပညာပေး Video Clip ပြသပြီး မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးက တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီးတို့မှ ဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာတို့ကို အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မီးခိုးမြူငွေ့ ညစ်ညမ်းမှုအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များအား သရက်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**






# ကမ္ဘာ့ တောင်တန်းများနေ့

မင်းခကောင်းကင်

တောင်တန်းများသည် လူသားတို့၏ဘဝတွင် မျိုးစုံသောအခန်းကဏ္ဍများတွင် ပါဝင်ခဲ့သည်။ ရှေးခေတ် အင်္ဂလိပ်သိပ္ပံပညာရှင် Alexandervon Humboldt သည် တောင်တန်းများ၏ အရေးပါမှုကို ရှာဖွေဖော်ထုတ်ခဲ့ပြီး တောင်တန်းများနှင့် ဆက်နွယ်သော ရာသီဥတု၊ သဘာဝသယံဇာတနှင့် လူသားအကျိုးပြုမှုတို့ အပေါ်ထင်ဟပ်သော သုတေသနများကို ဖော်ပြခဲ့သည်။ ထို့နောက် ၁၉၉၂ ခုနှစ်တွင် ပညာရှင် Rio Earth Summit က တောင်တန်းဒေသများ၏ အရေးပါမှုကို သိရှိလာစေရန် ကြိုးပမ်းခဲ့လေသည်။ ၂၀၀၂ ခုနှစ်သို့ ရောက်သောအခါ ကမ္ဘာ့ကုလသမဂ္ဂမှ ကမ္ဘာ့တောင်တန်းများနေ့ သတ်မှတ်ရန်ကြေညာခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်မှစတင်ကာ နှစ်စဉ် ဒီဇင်ဘာ ၁၁ ရက်ကို ကမ္ဘာ့တောင်တန်းများနေ့ (International Mountain Day) အဖြစ် တရားဝင်သတ်မှတ်ခဲ့သည်။




တောင်တန်းများသည် ကမ္ဘာ့သဘာဝစနစ်တွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူသားများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အထိရောက်ဆုံး အကျိုးကျေးဇူးများစွာပေးစွမ်းနေသည်။ အကျိုးဆက်အဖြစ် ကမ္ဘာ့သောက်သုံးရေအတွက် ရေချို ၆၀ ရာခိုင်နှုန်းကို တောင်တန်းများမှရရှိသည်။ မိုးလေဝသ၊ ရေစနစ်များအတွက် အဓိကအထောက်အကူပြုသော ရေချိုပင်ရင်းများကို ရှင်သန်စေရန်အတွက်လည်း တောင်တန်းများမှ ထောက်ပံ့ပေးထားသည်။ ထို့ပြင် ထိုတောင်တန်းများဆီမှရရှိသောရေကို လူသားများ၏ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းအတွက် ပြန်လည်အသုံးချသည်။ ထို့အပြင် တောင်တန်းများသည် ရာသီဥတုပြောင်းလဲရာတွင်လည်း အလွန်အရေးပါပြန်သေးသည်။ တောင်တန်းများတွင်ရှိသော သစ်တောများနှင့် ရေခဲတောင်များက ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူမှုနှင့် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချပေးသည်။ ရေချိုမြစ်များမှ ရေများကို ထိန်းသိမ်းပြီး ရာသီဥတုပိုင်းဆိုင်ရာ ထိခိုက်မှုများကိုလည်း လျှော့ချပေးသည်။ ထို့အပြင် ရေကြီးရေလျှံမှုမဖြစ်စေရန် ထိန်းသိမ်းပေးသော တောကြီးများကို တောင်တန်းများက ထိန်းသိမ်းပေးထားပြန်သေးသည်။

**တောင်တန်းများနှင့် ခရီးသွားလုပ်ငန်း**

တောင်တန်းများသည် ခရီးသွားလုပ်ငန်းအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပြီး သဘာဝအလှအပနှင့် စိတ်ဝင်စားဖွယ်ရာ ပတ်ဝန်းကျင်များကို ခရီးသွားများအား ရရှိစေပါသည်။ ထို့အပြင် တောင်တန်းဒေသများတွင် ခရီးသွားလုပ်ငန်းသည် ဒေသခံများအတွက် အလုပ်အကိုင်များ ပွင့်စေခြင်း စီးပွားရေးစနစ်များကို တိုးတက်စေခြင်း အကြောင်းတို့တွင် အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည်။ ယခုအခါ တောင်တက်ခြင်းကို ပုဂ္ဂလိက ခရီးသွားလုပ်ငန်းစီမံရေးများမှ အစီစဉ်များဆွဲ၍ စီစဉ်ပေးလျက်ရှိရာ တောင်တန်းခရီးသွားလုပ်ငန်းသည်လည်း နိုင်ငံ့ဝင်ငွေတစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လျက်ရှိနေလေသည်။

**မြန်မာနိုင်ငံက ထင်ရှားသောတောင်တန်းများ**

**ရခိုင်ရိုးမတောင်တန်း**

ရခိုင်ရိုးမတောင်တန်း (Rakhine Yoma) သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင် ရခိုင်ပြည်နယ်နှင့် ပေါင်းစပ်နေသည့် တောင်တန်းအစုတစ်ခုဖြစ်ပြီး ၎င်းသည် အနောက်ပိုင်း အတိုင်းအတာများတွင် အလွန်မြင့်မားသော တောင်တန်းကြီးဖြစ်ပြီး ဂေဟစနစ်ရှင်သန်မှုအတွက် အထောက်အပံ့ပေးလျက်ရှိလေသည်။ ၎င်းတောင်တန်းသည် မြင်ကွင်းများ၊ သဘာဝအလှများနှင့် လှုပ်ရှားမှုကြီးမားသော သဘာဝဇီဝလောကများအတွက် ခရီးသွားနှင့် သဘာဝချစ်သူများအတွက် စိတ်ဝင်စားဖွယ်ရာနေရာတစ်ခု ဖြစ်ပါသည်။

**ရှမ်းရိုးမတောင်တန်း**

ရှမ်းရိုးမတောင်တန်းသည် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတစ်လျှောက် သွယ်တန်းတည်ရှိနေသည့် တောင်တန်းတစ်ခုဖြစ်သည်။ ထိုဒေသတစ်ခုလုံးသည် များစွာသောတောင်တို့ဖြင့် ပြည့်နှက်နေပြီး သေးငယ်သည့် လွင်ပြင်ငယ်ကလေးများသည် ထိုတောင်များကိုခြားနားထားကြသည်။ ရှမ်းရိုးမတောင်တန်းတွင် အမြင့်ဆုံးတောင်မှာ လွိုင်လန်းတောင် တောင်ဖြစ်ပြီး အမြင့်မှာ ၂၆၇၃ မီတာ ရှိသည်။ တောင်များအားလုံးသည် အရှေ့တောင်အာရှရှိတောင်များထဲတွင် မြင့်မားကြလေသည်။ ရှမ်းရိုးမတောင်တန်းသည် စိမ်းလန်းသောတောတောင်ရေမြေသဘာဝရှိသည်သာမကဘဲ တွင်းထွက်များလည်း ထွက်ရှိပေသည်။ နီလာ၊ ပတ္တမြားစသော တန်ဖိုးကြီးတွင်းထွက်များသာမကဘဲ ငွေ၊ ခဲ၊ သွပ် စသော သတ္တုတွင်းထွက်များလည်း ထွက်ရှိသောကြောင့် မြန်မာ့ရတနာတောင်တန်းကြီးလည်း ဖြစ်ပေသည်။

**ပဲခူးရိုးမတောင်တန်း**

ပဲခူးရိုးမတောင်တန်းသည် မြန်မာနိုင်ငံ အလယ်ပိုင်း၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီမှ ၂၀ ဒီဂရီအတွင်း မြောက်မှတောင်သို့ ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်အကြားတွင် တည်ရှိသောတောင်တန်းဖြစ်သည်။ မြောက်ဘက်စွန်း ပုပ္ပားတောင်မှ တောင်ဘက် သိင်္ဂုတ္တရကုန်းတော်အထိ ရှည်လျားသည်။ ယင်းတောင်တန်းသည် ပဲခူးရိုးမတောင်သည် မြောက်မှတောင်သို့ မိုင် ၂၀၀ ကျော် ရှည်လျားပြီး အမြင့်မှာမူ ပေ ၂၀၀၀ အောက်ရှိလေသည်။ နိမ့်သည်ထင်ရသော်လည်း တောင်များမှာ မတ်စောက်၍ ကျောက်သားကျောက်စိုင်ထူထပ်လေသည်။ တောင်စွယ်ဖြာပုံမှာ အရှေ့နှင့် အနောက်ဘက်သို့ဖြာ၍ ဆင်းသွားကြခြင်းဖြစ်သည်။ ပဲခူးရိုးမတောင်သည် မိုးများသောကြောင့် အမြဲစိမ်းသစ်တောများလည်း အထူးပေါက်ရောက်သော တောင်တန်းကြီးတစ်ခုဖြစ်သည့်အပြင် နွေရွက်ကြွေများရှိသော မုတ်သုံသစ်တောများလည်း ဖုံးလွှမ်းနေလေသည်။ ပဲခူးရိုးမတောင်တန်းကြီးသည် အဖိုးတန်သစ်တောများစွာရှိသည့်အပြင် ထူးခြားချက်မှာ အဖိုးတန်ကျွန်းသစ်အများဆုံးထွက်ရှိရာ တောင်တန်းကြီးဖြစ်သောကြောင့် မြန်မာနိုင်ငံအတွက် အဖိုးဖြတ်မရနိုင်သော တောင်တန်းကြီးဖြစ်သည်။

**ခါကာဘိုရာဇီတောင်**

ယနေ့အချိန်အတွင်း ဂျပန်နိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦးပါဝင်သော တောင်တက်အဖွဲ့တစ်ခုသာ တောင်ထိပ်အထိ တက်ရောက်နိုင်ခြင်း ရှိသေးသော ခါကာဘိုရာဇီတောင်သည် မြန်မာနိုင်ငံ၏ အမြင့်မားဆုံးသောတောင် ဖြစ်လေသည်။ ခါကာဘိုရာဇီတောင်သည် မြန်မာနိုင်ငံတွင်း ကချင်ပြည်နယ်မြောက်ပိုင်း၊ နယ်စပ်တွင် တည်ရှိပြီး အရှေ့တောင်အာရှတွင် အမြင့်မားဆုံးသောတောင်ဖြစ်သည်။ လူသိများသော ဟိမဝန္တာတောင်တန်းကြီးနှင့်ပါ ဆက်လျက်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၅,၈၈၁ မီတာ (၁၉,၂၉၆ ပေ) မြင့်သည်။ သို့သော် တစ်ချို့စာများတွင်မူ အနည်းငယ်ကွဲပြားမှုရှိသေးသည်။ ပူနွေးသော ရာသီရှိသည့် မြန်မာနိုင်ငံအတွက် ထူးခြားချက်မှာ ထိုတောင်သည် တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးလွှမ်းနေခြင်း ဖြစ်သည်။

**ပုပ္ပါးမီးငြိမ်းတောင်**

မြန်မာနိုင်ငံသည် ရေခဲတောင်သာရှိရုံမဟုတ်ဘဲ မီးငြိမ်းတောင်ပါရှိသည့် ထူးခြားသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး ပဲခူးရိုးမတောင်တန်းကြီးနှင့်လည်း ဆက်စပ်နေပြန်သေးသည်။ မီးတောင်ဟောင်းကြီးသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ်တွင် တည်ရှိသည်။ ဘူမိဗေဒပညာရှင်များ၏ သိပ္ပံနည်းကျခန့်မှန်းချက်အရ ပုပ္ပားမီးငြိမ်းတောင်သည် လွန်ခဲ့သော အနှစ် ၁၅ သန်းက ပေါ်ပေါက်လာခဲ့သည်ဟုဆိုသည်။ မြန်မာအယူအဆအရမူ ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်တကွ ပေါ်ပေါက်လာသော တောင်ဟုလည်း သတ်မှတ်ကြသေးသည်။

မည်သို့ပင်ဆိုစေကာမူ ပုပ္ပါးမီးငြိမ်းတောင်သည် သဘာဝတရားကြီး၏ အံ့သြဖွယ်ရာ ဖန်တီးမှုတည်ရှိသော နေရာကြီးတစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ အဖိုးဖြတ်မရသော အညာသားယဉ်ကျေးမှုအမွေအနှစ်များလည်း တည်ရှိပြန်သေးသည်။ ပုပ္ပါးတောင်အနီးတွင် ကျောက်ခေတ်လူသားများထွန်းကားခဲ့သည်ဟုလည်း အမေရိကန်ပညာရှင်ဖြစ်သော မိုးဗီးယပ်စ်(Movius) က အခိုင်အမာဆိုထားလေသည်။ ထို့ကြောင့် ပုပ္ပါးတောင်သည်လည်း အဖိုးဖြတ်မရသောတောင်ဖြစ်လေသည်။ အနီးတွင် ပုပ္ပါးတောင်မကြီးလည်း တည်ရှိသည်။ အမြင့်ပေမှာ ၄၉၈၁ ပေ ဖြစ်ပြီး ဂေဟစနစ်တွင် အရေးပါသော နေရာတစ်ခုလည်း ဖြစ်သည်။ တောင်တက်သမားများ၏ ရတနာသိုက်ကြီးတစ်ခုလည်းဖြစ်သောကြောင့် နိုင်ငံ့ရတနာတစ်ပါးဟုလည်း ဆိုနိုင်ပေသေးသည်။

မြန်မာနိုင်ငံအတွင်းတွင် အဖိုးဖြတ်မရသော တောင်များ၊ တောင်တန်းကြီးများ များစွာရှိလေသည်။ သစ်တောကြီးများတည်ရာဖြစ်သော တောင်တန်းကြီးများ၏ အချို့နေရာများတွင် သဘာဝတွင်းထွက်ရတနာများလည်း ထွက်ရှိသေးသည်။ ထို့အပြင် သက်ရှိသတ္တဝါလေးများ၏မှီရာလည်း ဖြစ်နေကြပြန်သေးသည်။ မီးတောင်၊ ရေခဲတောင် တောင်စဉ်တောင်တန်း အစုံအလင်ရှိသောကြောင့်ပင် ကမ္ဘာ့တောင်တန်းများနေ့အတွက် ရေးသားရာတွင် မြန်မာနိုင်ငံကြီးရှိ တောင်တန်းရတနာများအကြောင်းကလည်း ရှေ့ဆုံးမှ ပါဝင်သင့်ပေသည်။

**ယခုနှစ် IMD ၏ ရည်ရွယ်ချက်**

IMD ဆိုသည်မှာ International Mountain Day (ကမ္ဘာ့တောင်တန်းများနေ့) ဖြစ်သည်။ ယခုနှစ်၏ တစ်ကမ္ဘာလုံးဆိုင်ရာ ရည်ရွယ်ချက် Mountains Matter For Biodiversity ယခုနှစ်၏ ခေါင်းစဉ်သည် တောင်တန်းဒေသများတွင် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် တောင်တန်းများ၏ ကြံ့ခိုင်မှု၊ သက်တမ်းတိုရှည်မှု၊ အရေးပါမှုကို အဓိကထားသည်။ ယခုနှစ် ကမ္ဘာမှသတ်မှတ်ထားသောအစီအစဉ်များတွင် တောင်တန်းဒေသများနှင့် သဘာဝထိန်းသိမ်းရေးအရေးပါမှုကို လူထုသိရှိစေရန် ဆွေးနွေးပွဲများ၊ ပညာပေးပရိုဂရမ်များ ပြုလုပ်မည်။

တောင်တန်းများတွင် သစ်တောစိုက်ပျိုးခြင်း၊ ရေကန်ပြုပြင်ခြင်းနှင့် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ စတင်ဆောင်ရွက်မည်။ တောင်တန်းဒေသတို့၏ ယဉ်ကျေးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန် ပန်းချီပြပွဲများနှင့် သင်တန်းများ ကျင်းပကြမည်ဖြစ်သည်။

ယခုနှစ်အတွက် ဆောင်ပုဒ်မှာ

**"Mountain solutions for a sustainable future - innovation, adaptation, youth and beyond"**

**ရေရှည်တည်တံ့သောအနာဂတ်အတွက် တောင်တန်းဖြေရှင်းနည်းများ-ဆန်းသစ်တီထွင်မှု၊ လိုက်လျောညီထွေဖြစ်အောင်၊ လူငယ်နှင့် အခြားအရာများ ဖြစ်ပေသည်။**

တစ်ကမ္ဘာလုံးရှိ တောင်စဉ်တောင်တန်းကြီးများကို ဂုဏ်ယူဖွယ်ဖြစ်စေရန် သတ်မှတ်ထားသောနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၁ ရက် ကမ္ဘာ့တောင်တန်းများနေ့တွင် မြန်မာ့ရတနာတောင်တန်းကြီးများကိုပါ ဂုဏ်ယူနိုင်ကြစေရန် ရည်ရွယ်ရေးသားလိုက်ရပါတော့သည်။

## ပြင်ဦးလွင်မြို့ အောင်ချမ်းသာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်ဝိုင်း ကျင်းပ



**ပြင်ဦးလွင် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာရေးဆရာ အောင်ဝင်း(စိတ်ပညာ) ရေးသားသည့် "သင့်အတွင်းစိတ်၏ အလွန်ကြီးမားသော တန်ခိုးသုံးပါး" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက အောင်ချမ်းသာ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အောင်ချမ်းသာ အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထများ၊ အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် နှလုံးသားလှပသော လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ "သင့်အတွင်းစိတ်၏ အလွန်ကြီးမားသော တန်ခိုးသုံးပါး" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အ·ထ·က(အောင်ချမ်းသာ) Grade-11 မှ မောင်ဟိန်းသူရအောင်၊ Grade- 9 မှ မခင်စုမွန်ဖြိုး၊ Grade-9 မှ မောင်ခန့်လင်းဖြိုးနှင့် Grade-11 မှ မသူသူလွင်တို့က ဖတ်ရှုထားသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြရာ ပြင်ဦးလွင်ခရိုင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် စာရေးဆရာ ကိုရွှေအောင်သင်းနှင့် ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်း ခရိုင်ဒုဥက္ကဋ္ဌ ဒေါ်အေးဇင်မေတို့က ဖြည့်စွက်ဆွေးနွေးပေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ကျောင်းသူများကလည်း မိမိတို့၏အမြင်များကို ချစ်ခင်ရင်းနှီးစွာအပြန်အလှန် ဆွေးနွေးခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းတွင် ဆွေးနွေးပေးခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများအား စာရေးဆရာ ကိုရွှေအောင်သင်းက အမှတ်တရ လက်ဆောင်စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

**သွေးသွေး(ခရိုင်–ပြန်/ဆက်)**

*-*-*-*-*-*-*

## ကျောက်ဆည်ခရိုင် လူထုအခြေပြုပဟိုဌာနတွင် ယုံကြည်မှုဖြင့်အောင်မြင်ခြင်း စာအုပ်စာဖတ်ဝိုင်း ကျင်းပ



**ကျောက်ဆည် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်းပြီး ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြု ဗဟိုဌာနတွင် ရန့်သိုက် ရေးသားသည့် "ယုံကြည်မှုဖြင့် အောင်မြင်ခြင်း" စာအုပ်စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအတွက် စာပေဖတ်ရှုလေ့လာရာတွင် ရရှိမည့် အကျိုးကျေးဇူးများ၊ ဗလငါးတန် ပြည့်စုံရေး သုတ၊ ရသ စာအုပ်စာစောင်းများကို ဖတ်ရှုစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အတွင်းရေးမှူး ဒေါ်ခင်ချို (သီတဂူ-ကျောက်ဆည်)က ရန့်သိုက် ရေးသားသည့် "ယုံကြည်မှုဖြင့် အောင်မြင်ခြင်း" စာအုပ်မှ စာဖတ်ခြင်းဖြင့် ဘဝကို မြှင့်တင်ပါ၊ သင့် ပန်းတိုင်ကို သင်ရွေးချယ်ပါ၊ အခက်အခဲမှ အောင်မြင်မှုသို့၊ အောင်မြင်ချင်လျှင် လေ့ကျင့်ရမည်၊ ယုံကြည်မှုဖြင့် အောင်မြင်ခြင်း၊ ဒီနေ့အလုပ် ဒီနေ့လုပ်ပါ စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ပြီး ကျောင်းသူ၊ ကျောင်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ရသ စာအုပ်စာစောင်များနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

**စုစုအေး(ကျောက်ဆည်)**

*-*-*-*-*-*-*

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မကူချင်နေ

* သင့်ရပ် သင့်ရွာ၊ ကောင်းဖို့ရာကို
သေချာစေ့ငုပ်၊ သင်မလုပ်လည်း
ကုပ်ကုပ်ကလေး၊ ဘေးမှာနေ။

* ညီညာစုပေါင်း၊ ချုံခုတ် မြောင်းရှင်း
တံတားခင်းကြ၊ လမ်းမ လမ်းလယ်
မြေသယ် မြေဖို့၊ ဝိုင်းဝန်းလုပ်နေ
ထိုသူတွေထဲ၊ သင်မကူဘဲ
နေချင်လည်းနေ။

* သင်းပင်းညီညာ၊ စုပေါင်းကာဖြင့်
ရပ်ရွာကောင်းကျိုး၊ ရည်မြော်ကိုးလျက်
သယ်ပိုးရွက်ဆောင်၊ တိုးတက်အောင်လေ
ရှေ့ဆောင်လမ်းပြ၊ လုပ်နေကြသူ
ဝိုင်းမကူလဲ၊ မကူဘဲနေ။

* ကောင်းကျိုးပြုသူ၊ ထိုဆိုသူတို့
ပြုံစုစိတ်ညစ်၊ မဖြစ်ရအောင်
မကူမညီ၊ မ,တည်စိတ်မိုက်
ကန့်လန့်တိုက်၍၊ ဘေးတိုက်လိုက်သူ
"သင်"မဖြစ်မူက၊ ကျေနပ်ကြမည်
ကျေနပ်ပြီ။ ။

**မြခြူးအိမ်(ကိုလေး)**

## မဟာအောင်မြေမြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်သို့ မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်စိုးတို့က အသက်(၁၀)နှစ်ပြည့်ပြီးသူလေးဦးနှင့် အသက်(၁၈)နှစ်နှင့်အထက် ပြည့်သူ (၁၇၁)ဦးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးပြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ မရှိသေးသော ပြည်သူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓာတ်ပုံ)

(၀၅၆)



## သတင်းပဒေသာ

### မသန်စွမ်းသူများနေ့အထိမ်းအမှတ် (၁၆)ရက်တာလှုပ်ရှားမှု ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် (၁၆)ရက်တာလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အမှတ်(၄)ရပ်ကွက်ရှိ ဖူဆယ်ကွင်းခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးမျိုးဆွေက မသန်စွမ်းသူများနေ့အထိမ်းအမှတ် (၁၆)ရက်တာ လှုပ်ရှားမှုကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကွင်းဆင်းမန်နေဂျာ ဒေါ်မိုရာနိုင်ဦးက စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ကွင်းဆင်းအရာရှိ ဦးစိုင်းဆန်ဟန်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဖြစ်ပေါ်လာပုံနှင့် (၁၆)ရက်တာ လှုပ်ရှားမှုများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင် ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၂) ရပ်ကွက်သို့ သွားရောက်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် မအားလပ်၍ စာကြည့်တိုက်သို့ မလာရောက်နိုင်သူများ၊ စာအုပ်၊ စာပေများကို လာရောက်ငှားရမ်းဖတ်ရှုရန် ခက်ခဲသူများအတွက် Mobile Library စနစ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် သုတ၊ ရသများ၊ မဂ္ဂဇင်းများနှင့် ဝတ္ထုစာအုပ်များငှားရမ်းပေးပြီး အပတ်စဉ်စာအုပ်အသစ်များ သွားရောက်လဲလှယ် ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၀နာရီက ကံမမြို့၊ အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(မြို့မ)မှ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်းမြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများကို ပိုမိုဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးရှေ့မှစတင်၍ မြို့မဈေး-နောင်ဘိုကန်ပတ်လမ်းအတိုင်း ဟိုပုံး-ဆီဆိုင် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှတစ်ဆင့် ကျောက်တိုင်ကွင်းအထိ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက စုပေါင်းလမ်းလျှောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## သီရိလင်္ကာနိုင်ငံမှ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးဆရာတော်အား ပဋိပတ္တိသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် လာရောက်ဆက်ကပ်



**မန္တလေး ဒီဇင်ဘာ ၁၀**

သီရိလင်္ကာနိုင်ငံမှ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးဆရာတော်အား ပဋိပတ္တိသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် လာရောက်ဆက်ကပ်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီက အောင်မြေသာစံမြို့နယ် မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးတွင် ကျင်းပသည်။

သာသနာတော်ဆိုင်ရာ ပဋိပတ္တိသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးဆရာတော်၊ ဥက္ကဋ္ဌဆရာတော် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်(ရွှေကျင်)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရက ပရိသတ်များအား ငါးပါးသီလ ချီးမြှင့်ပြီး ဆရာတော်၊ သံဃာတော်များနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ မဟာသရဏဂုဏ်မန္တန်တော်ကြီးကို ရွတ်ပွားချီးမြှင့်ကြသည်။

ထို့နောက် သီရိလင်္ကာနိုင်ငံ၊ ရာမညနိကာယကျောင်းတိုက်ဆရာတော်က ပဋိပတ္တိသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ရခြင်းအကြောင်း ရှင်းလင်းမိန့်ကြားပြီးနောက် မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးဆရာတော်က ပဋိပတ္တိသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထားခဲ့သည်။

ဆက်လက်၍ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးဆရာတော်က သီရိလင်္ကာနိုင်ငံမှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် တပည့်ဒါယကာ၊ ဒါယိကာမတို့အား လက်ဆောင်ပစ္စည်းများအား ပေးအပ်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) ရွှေမန်း**

---

**မန္တလေး၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က မန္တလေး၊ ၃၇လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြားနေ ဦးကျော်ဆွေအား ရည်စူး၍ ဒေါ်သီသီနိုင် (၆၆)နှစ်ပြည့်မွေးနေ့ Hotel Duo Swan မိသားစုက ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

**(ကဆ)**





## ဖြုပ္ပစိုက်ရလှူမှုကူညီရေးအသင်း (၁၂/၂၀၂၄) အစည်းအဝေး ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၀**

ဖြုပ္ပစိုက်ရလှူမှုကူညီရေးအသင်း (မန္တလေး) (၁၂/၂၀၂၄) အစည်းအဝေးကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ အသင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာငြိမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်မောင်တာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကာ တက်ရောက်လာသော အသင်းဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်များက ကျန်းမာရေးစောင့်ရှောက်မှု၊ မျက်စိခွဲစိတ်ကုသမှု၊ ကျောက်ကပ်သွေးသန့်စင်ခြင်းနှင့် သွားဆေးခန်းဖွင့်လှစ်ကုသမှု၊ သဘာဝဘေးနှင့် နာရေးကူညီမှုများ၊ ငွေပဒေသာပင်စိုက်ထူမှုနှင့် မျက်စိစမ်းသပ်စက်လှူဒါန်းမှုများအပါအဝင် အစီအစဉ် (၁၂)ရပ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**

---

## ပန်းမန္တလာပန်းချီအဖွဲ့၏ စုပေါင်းပန်းချီပြပွဲ မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးမြို့မှ နာမည်ကျော်ပန်းချီဆရာများဖြစ်သော ပန်းချီ အောင်အောင်၊ အောင်ဆန်း၊ အင်ဂါးဉူး၊ လူမော်၊ မိုးမြင့်ထွန်း၊ မြင့်ထွန်း(မန္တလေး)၊ မြင့်ထွန်း(ပြင်ဦးလွင်)၊ စမုံ ဦးစိုးမြင့်၊ ဦးစိုးဝင်း(ရွှေလက်ရာ)၊စိုးဝင်းအောင်၊ သက်ဆိုင်၊ ဝေလီလင်း၊ ဇော်ဇော်စသည့် ပန်းမန္တလာပန်းချီအဖွဲ့၏ စုပေါင်း ပန်းချီပြပွဲကို ဒီဇင်ဘာ ၁၅ ရက် မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေအနီးရှိ မန္တလေးတောင်ခြေပန်းချီပြခန်းတွင် ကျင်းပမည် ဖြစ်သည်။

ပန်းချီပြပွဲတွင် ပန်းမန္တလာ ပန်းချီအဖွဲ့မှ ပန်းချီဆရာ ၁၄ ဦး၏ ရေဆေးဆီ၊ ဆီးနှင်းအက်ခရိုင်လစ်ပန်းချီကား ၇၀ ကျော် ပြသသွားမည်ဖြစ်ပြီး ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။



**(အောက်ပုံ) (ဝ၄၅)**

★ စာမျက်နှာ ၈ မှ

မြန်မာနိုင်ငံအနေဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့် အေဂျင်စီနည်းဥပဒေများကို ထုတ်ပြန် ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများအတွက် မူပိုင်ခွင့် ရယူထားရန်လိုကြောင်း၊ တာဝန်ရှိသည့် အေဂျင်စီများကလည်း မူပိုင်ခွင့်ဆိုင်ရာ လျှောက်ထားမှုများ သတ်မှတ်ချိန်အတွင်း အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးရန်နှင့် ဥပဒေချိုးဖောက်သူများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ပြင် ဉာဏပစ္စည်း မူပိုင်ခွင့်ကိစ္စရပ်များတွင်လည်း ကျယ်ပြန့်ရှုပ်ထွေးရှုံသာမက ပြင်းထန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ပေါ်စေကြောင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD)၊ ကမ္ဘာ့ဉာဏပစ္စည်း မူပိုင်ခွင့်အဖွဲ့ (WIPO)တို့၏ တွေ့ရှိချက်များအရ ကုန်စည်အတုများ ကုန်သွယ်မှုသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၀၉ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေး၏ သုံးရာခိုင်နှုန်းခန့်ရှိကြောင်း၊ ကုန်စည်အတုအပနှင့် ခိုးကူးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းသည် အမြတ်အစွန်းများပြီး အန္တရာယ်နည်းပါးသည့်အတွက် လုပ်ကိုင်သူများပြားကြောင်း။

### တိုက်ဖျက်ဆောင်ရွက်

ပို့ကုန်တင်ပို့မှု မြင့်မားတိုးတက်စေရေး၊ MSMEs ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် နိုင်ငံ့ဘဏ္ဍာအခွန်အခများ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့် အဂတိတရားကင်းကင်းရှင်းရှင်း ဆောင်ရွက်ကြရန်နှင့် ပြည်သူလူထုနှင့် ကုန်သည်လုပ်ငန်းရှင်များအပိုင်းကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး နိုင်ငံတော်နှင့် ပြည်သူအားလုံးကို အကျိုးမပြုသည့် တရားမဝင်ကုန်သွယ်မှုများကို အတူတကွ ပူးပေါင်းပါဝင် တိုက်ဖျက်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီ အစည်းအဝေး (၄/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ခေတ္တပစ္စည်းများ၊ တရားမဝင်သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## အာဆီယံစီမံကိန်းရေးဆွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC)ရုံးအဖွဲ့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် အာဆီယံစီမံကိန်းရေးဆွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (ASEAN Project Development Training for Myanmar) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖိ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ Programme Cooperation and Project Management Division မှ သင်တန်းဆရာ ဆရာမများ၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်အောက်ရှိလုပ်ငန်းအစုအဖွဲ့များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ကြီးရုံး၊ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ သင်တန်းသား သင်တန်းသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တက်ကြွစွာပါဝင်

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဖိက ယခုသင်တန်းသည် စီမံကိန်းများရေးဆွဲဆောင်ရွက်ရာ၌ တာဝန်ခံမှုနှင့် ရေရှည်တည်တံ့မှုကို အလေးပေးသည့် ရလဒ်-အခြေခံစီမံခန့်ခွဲမှုအပေါ် ဗဟိုပြုပါကြောင်း၊ သင်တန်းသား သင်တန်းသူများသည် ဒေသတွင်း လိုအပ်ချက်များကိုဖြေရှင်းရာ၌ အကျိုးသက်ရောက်မှုရှိသောရလဒ်များကို ဆောင်ရွက်ရာတွင် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည့် အာဆီယံပူးပေါင်းဆောင်ရွက်မှုစီမံကိန်း အဆိုပြုလွှာပုံစံများအား လေ့လာရမည်ဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သင်တန်းမှရရှိသည့် ဗဟုသုတများနှင့် အတွေ့အကြုံများသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်စေရုံသာမက အာဆီယံအသိုက်အဝန်းကိုလည်း ပိုမိုကျယ်ပြန့်စွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ သင်တန်းသူ သင်တန်းသားအားလုံးသည် သင်တန်းကာလ တစ်လျှောက်လုံးတွင် လက်တွေ့ဆောင်ရွက်မည့် လေ့ကျင့်ခန်းများနှင့် ဆွေးနွေးမှုများတွင် တက်ကြွစွာပါဝင်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

သင်တန်းကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး Programme Cooperation and Project Management Division မှ သင်တန်းဆရာ ဆရာမများက လာရောက်ပို့ချပေးခြင်းဖြစ်ပြီး အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်အောက်ရှိ လုပ်ငန်းအစုအဖွဲ့များနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ သင်တန်းသား သင်တန်းသူ ၄၃ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာနှစ်ပတ်လည်အစည်းအဝေးတက်ရောက်




စစ်ဆောင်ပန်းနား ဒီဇင်ဘာ ၁၀

၂၀၂၄ ခုနှစ် တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာနှစ်ပတ်လည် အစည်းအဝေးကျင်းပသည့် တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာမဟာမိတ်အဖွဲ့ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတကာပြန်ကြားရေးစင်တာနှင့် တရုတ်နေ့စဉ်သတင်းစာတိုက် အာရှပစိဖိတ်ရုံးခွဲတို့က အတူတကွ အဆိုပြုတည်ထောင်ခဲ့သည်။ အဆိုပါ မီဒီယာမဟာမိတ်အဖွဲ့က ဒေသတွင်းမီဒီယာမှ အတည်ပြုပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းအပြင် သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်၍ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်သည့် ပထမဆုံး မီဒီယာပူးပေါင်းဆောင်ရွက်မှု မဟာမိတ်အဖွဲ့လည်းဖြစ်သည်။

ပြည်ပမီဒီယာအဖွဲ့အစည်း ၄၀ ကျော်၊ တရုတ်ပြည်တွင်းမီဒီယာအဖွဲ့အစည်း ၅၀ ကျော်နှင့် ဗဟိုအစိုးရမီဒီယာ၏ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်းများပါဝင်ပြီး မြန်မာနိုင်ငံကလည်း အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည်။

ယင်းအခမ်းအနားကို တောင်အာရှ၊အရှေ့တောင်အာရှ ပြန်ကြားရေးစင်တာက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပန်းနားရှိ Mekong River Jing Land Hotel, Peacock ခန်းမ၌ ယမန်နေ့ ညနေပိုင်းက ကျင်းပသည်။

ဦးစွာ ပါတီအတွင်းရေးမှူးနှင့် Yunnan Daily Press Group ဥက္ကဋ္ဌ He Zukun က အဖွင့်မိန့်ခွန်းပြောကြားပြီး ၂၀၂၄ SSAMN Cooperation Achievements Short မှတ်တမ်းဗီဒီယိုကို ပြသကာ အမြဲတမ်းကော်မတီအဖွဲ့ဝင် CPC ယူနန်ပြည်နယ်ကော်မတီ၏ အများပြည်သူဆိုင်ရာဌာန အကြီးအကဲ Zeng Yan၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Neth Pheaktra၊ China Daily ၏ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးချုပ် Zhu Baoxia၊ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ၏ထုတ်ဝေရေးနှင့် လေ့ကျင့်ရေးဘုတ်အဖွဲ့ ဒုတိယအကြီးအကဲ Vansay Tavinyan၊ သတင်းစာအယ်ဒီတာချုပ် Pasaxon၊ ထိပ်တန်းပါတီဝင်များအဖွဲ့မှ Wu Xu အဖွဲ့ဝင်နှင့် တရုတ်နိုင်ငံလုံးဆိုင်ရာ သတင်းထောက်များအသင်း၏ အတွင်းရေးမှူးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ယင်းနောက် စာတမ်းဖတ်ကြမည့် ဧည့်သည်တော်များက မိတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတကာ ပြန်ကြားရေးစင်တာ တောင်အာရှနှင့် အရှေ့တောင်အာရှ မဟာမိတ်အဖွဲ့မှ အဖွဲ့ဝင်ဌာနများ၊ ပူးပေါင်းဆောင်ရွက်မှုမိတ်ဖွဲ့များနှင့် ၂၀၂၅ ခုနှစ် မီဒီယာပူးပေါင်းဆောင်ရွက်မှု စာချုပ်လက်မှတ်ရေးထိုးပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ အိန္ဒိယနိုင်ငံအပါအဝင် တောင်အာရှ၊ အရှေ့တောင်အရှ နိုင်ငံတကာမီဒီယာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းကို တက်ရောက်ဖွင့်လှစ်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မိတ်ဖက်မီဒီယာအဖွဲ့များ နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်ဦးစီးအဖွဲ့ဝင်ငါးဦး တက်ရောက်ခဲ့သည်။

MK

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အတိုက်အခံအင်အားစုများထံ အာဏာလွှဲပေးရန် ဆီးရီးယားဝန်ကြီးချုပ် အယ်လ်ဂျာလာလီ သဘောတူ



**ဒမတ်စကတ် ဒီဇင်ဘာ ၁၀**

ပြည်တွင်းစစ်အနိုင်ရခဲ့သော အတိုက်အခံအင်အားစုများထံသို့ အာဏာလွှဲပေးရန် ဆီးရီးယားဝန်ကြီးချုပ် အယ်လ်ဂျာလာလီ ဒီဇင်ဘာ ၉ ရက်က သဘောတူခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းအင်အားစုခေါင်းဆောင် အာမက်အယ်လ်ရှာရာခေါ် အဘူမိုဟာမက်အယ်လ်ဂျူလာနီနှင့် နုတ်ထွက်ပေးမည့် ဆီးရီးယားဝန်ကြီးချုပ် မိုဟာမက်အယ်လ်ဂျာလာလီတို့နှစ်ဦး တွေ့ဆုံဆွေးနွေးပြီးနောက် ထိုသို့လိုက်လျောသဘောတူညီခဲ့ခြင်း ဖြစ်သည်။

မိုဟာမက်အယ်လ်ဘာရှား ဦးဆောင်ဖွဲ့စည်းမည့် ကြားဖြတ်အစိုးရလက်ဝယ်သို့ ဥပဒေနည်းလမ်းတကျ အာဏာလွှဲပြောင်းပေးသွားမည်ဟု အယ်လ်ဂျာလာလီက အတည်ပြုပြောကြားသည်။

ဆီးရီးယားနိုင်ငံကို အကွဲကွဲအပြားပြားမဖြစ်စေဘဲ တစ်ပေါင်းတစ်စည်းတည်း ဆက်လက်တည်တံ့သွားနိုင်စေရန် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ချောမွေ့အောင်ညှိနှိုင်းဆောင်ရွက်သွားကြရန် ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဂေယာပေဒါဆန်ကလည်း တိုက်တွန်းပြောကြားကြောင်း သိရသည်။ **Mon**

## ဆီးရီးယားနိုင်ငံအနှံ့အပြားရှိ ပစ်မှတ်များကို အစ္စရေးလေယာဉ်များက လိုက်လံတိုက်ခိုက်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၀**



ဒမတ်စကတ်မြို့တော်အပါအဝင် ဆီးရီးယားနိုင်ငံအနှံ့အပြားရှိ ပစ်မှတ်များကို အစ္စရေးလေယာဉ်များ ဒီဇင်ဘာ ၉ ရက်က လိုက်လံတိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စရေးဘက်က ပစ်မှတ် ၁၀၀ ကျော်ကို ပစ်ခတ်တိုက်ခိုက်ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က သတင်းထုတ်ပြန်သည်။

အစွန်းရောက်များလက်ဝယ်သို့ လက်နက်များရောက်ရှိမသွားစေရန် ထိုသို့လေကြောင်းမှ တိုက်ခိုက်ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာပြောခွင့်ရသူကဆိုသည်။

ထိုသို့ရှင်းလင်းပစ်ခဲ့သော ပစ်မှတ်များထဲတွင် ဓာတုလက်နက်ထုတ်လုပ်ရန်စမ်းသပ်နေသည်ဟု သံသယဖြစ်ဖွယ်ရှိသော သုတေသနဌာနတစ်ခုလည်းပါဝင်ကြောင်း ထိုပြောခွင့်ရသူက ရှင်းပြသည်။

ဆီးရီးယားနိုင်ငံတွင် သမ္မတအာဆတ်လက်ထက်က ဓာတုလက်နက်များစွာ ပိုင်ဆိုင်စုဆောင်းထားခဲ့ဖွယ်ရှိသည်ဟု ဓာတုလက်နက်စောင့်ကြည့်သူများ သံသယရှိနေကြသည်။

ဓာတုပစ္စည်း တန်ချိန်ပေါင်း ၁၃၀၀ ကို ကုလသမဂ္ဂ ဓာတုလက်နက်တားမြစ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆီးရီးယားနိုင်ငံတွင် ဖျက်ဆီးပစ်ခဲ့သော်လည်း ဝှက်ထားသောဓာတုလက်နက်များ ရှိနေသေးသည်ဟု ကုလသမဂ္ဂက သံသယရှိနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**



## အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် ဂျပန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး လုံခြုံရေးဆွေးနွေး

**တိုကျို ဒီဇင်ဘာ ၁၀**

အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် ဒီဇင်ဘာ ၁၀ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ရှိဂေးရု အိရှိဘာနှင့်တွေ့ဆုံပြီး ဒေသတွင်းလုံခြုံရေးကိစ္စဆွေးနွေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၄င်းသည် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များကို ဝင်ရောက်စစ်ဆေးရင်း ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၅၄၀၀၀ ခန့် အခြေစိုက်စခန်းဖွင့်ပြီးရှိနေကြောင်း သိရသည်။ **Mon**



အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနောက်ပိုင်းတွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးခဲ့ရာမှ လဲပြိုပျက်စီးသွားသောအိမ်များအောက်တွင် ပျောက်ဆုံးနေသူများကို လိုက်လံရှာဖွေကယ်ဆယ်နေကြစဉ်။ **Mon**

## အမေရိကန်ပြည်ထောင်စု မာလီဘူမြို့နားအထိ တောမီး အလျင်အမြန်ချဉ်းကပ်ရောက်ရှိလာနေ

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် မာလီဘူမြို့နားအထိ တောမီး အလျင်အမြန်ချဉ်းကပ်ရောက်ရှိလာနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တောမီးကူးစက်တောက်လောင်မှု အရှိန်မြန်လွန်းသဖြင့် အနီးပတ်ဝန်းကျင် လူနေအိမ်များတွင်ရှိနေသူများ အမြန်ဆုံးရွှေ့ပြောင်းကြရန် ဒေသဆိုင်ရာအာဏာပိုင်များက ကြိုတင်သတိပေးနှိုးဆော်ခဲ့သည်။

ကာလီဖိုးနီးယားပြည်နယ် တောမီးသည် မာလီဘူမြို့အနီးပတ်ဝန်းကျင်ကို နှစ်စဉ်ခြိမ်းခြောက်လေ့ရှိသော်လည်း ယခုအကြိမ်တွင်မူ ကူးစက်တောက်လောင်မှု မြန်ဆန်လွန်းသဖြင့် မြို့သူ၊ မြို့သားများကို အထိတ်တလန့်ဖြစ်စေခဲ့သည်။

ထိုမြို့မြောက်ဘက် သစ်တောများအတွင်း တောက်လောင်နေသောတောမီးကို မီးသတ်လေယာဉ်များကိုအသုံးပြုကာ ငြိမ်းသတ်နေကြောင်း သိရသည်။ **Mon**



**STOP AIDS**



## စင်ကာပူနိုင်ငံ ဟူကန်းလမ်းရှိ ကုန်မာဆိုင်တစ်ဆိုင်တွင် လူသတ်မှုဖြစ်ပွား၊ ကျူးလွန်သူအမျိုးသား ဖမ်းဆီးရမိ

**စင်ကာပူ ဒီဇင်ဘာ ၁၀**

စင်ကာပူနိုင်ငံ ဟူကန်းလမ်းရှိ ကုန်မာဆိုင်တစ်ဆိုင်တွင် ဒီဇင်ဘာ ၁၀ ရက် နေ့လယ် ၁၁ နာရီ ၅ မိနစ်ခန့်တွင် လူသတ်မှုဖြစ်ပွားရာ ကျူးလွန်သူအမျိုးသားကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၄၂ နှစ်အရွယ် အမျိုးသားက ထိုဆိုင်ထဲတွင် အသက် ၃၄ နှစ်အရွယ် အမျိုးသမီးကို ဓားဖြင့်ထိုးပြီး သတ်ဖြတ်ခဲ့သည်။

အဆိုပါအမျိုးသမီးသည် အသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့်အတူရှိနေစဉ် ထိုသို့ဓားဖြင့်အထိုးခံရခြင်း ဖြစ်သည်။

ထိုသို့အတူရှိနေခဲ့သော အမျိုးသားကိုပါ ပြစ်မှုကျူးလွန်သူက ဓားဖြင့်ထိုးခဲ့သော်လည်း မသေဘဲ အမျိုးသမီးသာလျှင် ဆေးရုံတွင် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ယင်းအမျိုးသမီးသည် အခင်းဖြစ်ဆိုင်မှဝန်ထမ်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူက ထိုဆိုင်မှဓားကို ဆွဲယူပြီး သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေတစ်ဦးက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**

## ဟေတီနိုင်ငံ ပေါ်တူပရင့်စ်မြို့တော်တွင် လူပေါင်း ၁၁၀ ဦးထက်မနည်း အသတ်ခံရ

**ပေါ်တူပရင့်စ် ဒီဇင်ဘာ ၁၀**



ဟေတီနိုင်ငံ ပေါ်တူပရင့်စ်မြို့တော်တွင် ယမန်နေ့က လူပေါင်း ၁၁၀ ဦးထက်မနည်း အသတ်ခံရသဖြင့် သက်ဆိုင်ရာက အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒေသခံလူမိုက်ဂိုဏ်းခေါင်းဆောင်၏သားဖြစ်သူ အဖျားကြီးပြီး ရုတ်တရက်သေဆုံးခဲ့ရာမှ အနီးပတ်ဝန်းကျင်ရှိ အသက်ကြီးသူများက ပြုစားသဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟုစွပ်စွဲကာ ထိုလူကြီးများကို လိုက်လံသတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

အသတ်ခံရသူများမှာ အသက် ၆၀ ကျော်အမျိုးသား၊ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။ **Mon**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ အိမ်အမှတ်(၅၄)၊ ၁၁၃လမ်းနှင့်၁၁၃(A)လမ်းကြား၊ ၅၇(A)လမ်းတွင် နေထိုင်သော ဒေါ်အေးမြတ်သူ(ဘ)ဦးဝင်းမြင့်(၉/ခမစ(နိုင်)၀၂၂၃၀၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးစိုင်းဇော်ဦး(၉/မဟာမ(နိုင်)၀၁၁၈၂၆)နှင့် ဒေါ်အေးမြတ်သူ(၉/ခမစ(နိုင်)၀၂၂၃၀၄)တို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ (၂၁-၆-၂၀၀၇)ရက်တွင် တရားဝင်ထိမ်းမြားလက်ထပ်ခဲ့ပြီး သမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး တရားဝင် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့ပါ၍ (၂-၁၂-၂၀၂၄)ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် မှတ်ပုံတင်အမှတ်(၁၄၄/၂၀၂၄)အရ နှစ်ဖက်အသိသက်သေ အသီးသီး၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နှစ်ဦးပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် ငွေကြေးများအားလုံးကိုလည်း နှစ်ဦးသဘောတူ ဝန်ခံကတိပြုချက် စာချုပ်များ ချုပ်ဆို၍ပေးအပ်ပြီးဖြစ်ကြောင်း၊ နောက်နောင် ဦးစိုင်းဇော်ဦးနှင့်ပတ်သက်သော စီးပွားရေး၊ လူမှုရေးကိစ္စအဝဝအားလုံးတို့သည် ဒေါ်အေးမြတ်သူနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ချမ်းငြိမ်းဝေ**

**အထက်တန်းရှေ့နေ**

**၀၉–၉၈၇၉၀၀၁၁၅**

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၄)၊ ဦးပိုင်အမှတ်(၄၁–က)၊ ဧရိယာ(၀ ဒသမ ၀၁၈၄)ဧက အကျယ်အဝန်းရှိသော ဦးကြည်၊ ဒေါ်လှ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၃၁-၃-၂၀၂၃)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်ပါဝါအမှတ်(၂၃၈၅/၂၀၂၃)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးဖုန်းမြင့်အောင်(ဘ)ဦးသိန်းအောင်(၉/မရမ(နိုင်)၀၀၅၇၉၂)၊ (၂)ဒေါ်မြတ်စုငြိမ်း(ဘ)ဦးသန်းထွန်း(၉/စကတ(နိုင်)၀၇၀၈၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

---

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၁၃)၊ ဦးပိုင်အမှတ်(၁-တ)၊ ၈၉လမ်း၊ ၂၁လမ်းနှင့်၂၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းဝင်း(၉/မနမ(နိုင်)၀၉၃၄၆၆)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

---

**ကြော်ငြာစာ**

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ/E)၊ ဦးပိုင်အမှတ်(၂၇)၊ ၁၄၆(E)လမ်း၊ ၆၇(B)လမ်းနှင့်၆၇(C)လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သီတာထွန်း(၉/ပဥလ(နိုင်)၀၀၄၈၁၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၆၀၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှိုင်လှိုင်အေး(၉/အမရ(နိုင်)၁၃၂၉၆၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

---

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၈၄)၊ ဦးပိုင်အမှတ်(၉-ခဲစင်းအနောက်ခြမ်း)၊ ၁၅လမ်း၊ ၈၈လမ်းနှင့်၈၉လမ်းကြားရှိ ဦးသောင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၉၈၃/၂၀၂၁)ဖြင့် ဒေါ်တော၊ ဒေါ်ရီရီငွေ၊ ဦးစောလင်းထွန်း၊ ဦးအောင်မြတ်မိုး၊ ဒေါ်အိအိဖြိုးတို့က အမွေဆက်ခံခဲ့ပြီး ဒေါ်တော(၉/မနမ(နိုင်)၀၇၀၆၈၈)၊ ဒေါ်ရီရီငွေ(၉/မနမ(နိုင်)၀၀၃၁၇၁)၊ ဦးစောလင်းထွန်း(၉/မနမ(နိုင်)၀၀၃၁၇၂)၊ ဒေါ်အိအိဖြိုး(၉/မနမ(နိုင်)၁၁၅၆၅၁)တို့ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၆/၂၀၂၂)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးအောင်မြတ်မိုး(၉/မနမ(နိုင်)၁၁၅၆၂၈)က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

---

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၀)၊ ဦးပိုင်အမှတ်(၃၅-က)၊ ၈၆လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းကွယ်လွန်၍ အမွေထိန်းလက်မှတ်စာ၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၉၀၊ အောင်မြေသာစံခရိုင်တရားရုံးတော်၊ တရားမပုံစံအမှတ်(၁၃၉)အရ ပိုင်ဆိုင်သူ ဒေါ်အိကေသွယ်ဇော်ဝင်း(၉/မကန(နိုင်)၀၈၃၉၀၄)က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

---

## "Nice Style Group of Companies မှ အများသိစေရန် ကြေညာခြင်း"

**Nice Style Group of Companies** သည် ၂၀၁၁ခုနှစ်မှစ၍ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ VIP (1)၊ (၂၃)ရပ်ကွက်၊ သစ်ရာပင်လမ်း၊ အမှတ်(၁၀၆/၂)တွင် ရုံးခန်းဖွင့်လှစ်ပြီး Nice style Travel အမည်ဖြင့် ခရီးသွားဝန်ဆောင်မှုများ ပေးခြင်း၊ Visa ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ် ရောင်းချခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ပြည်သူအများမှလည်း ယုံကြည်စိတ်ချစွာ ဆက်သွယ်၍ ဝန်ဆောင်မှုများ ရယူလျက်ရှိပြီး လုပ်ငန်းစတင်တည်ထောင်ချိန်မှစ၍ ကောင်းသော နာမည် ဂုဏ်သတင်းကျော်ဇောမှုဖြင့် ယနေ့တိုင်ရပ်တည်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

ယခုအခါ မသမာသူတစ်ချို့က Nice style Travel အမည်ဖြင့် လူမှုကွန်ရက်တွင် Face Book page အတုများ ဖွင့်လှစ်ပြီး လေယာဉ်လက်မှတ်များ ဝယ်ယူလိုသူများ၊ ခရီးသွား ဝန်ဆောင်မှုဝယ်ယူလိုသည့် သူများ၏ ငွေကြေးများကို Kpay Application များမှ လိမ်လည်၍ ရယူခြင်း၊ Nice style ဝန်ထမ်းအယောင်ဆောင်၍ Kpay မှ ငွေလိမ်လည်ရယူခြင်းများကို ပြုလုပ်ကျူးလွန်လျက်ရှိကြောင်း ဖော်ထုတ် တွေ့ရှိရပါသည်။ အဆိုပါ ဥပဒေမဲ့ကျူးလွန်ဆောင်ရွက်မှုများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကုမ္ပဏီအနေနှင့် မည်သည့်အခါကမျှ လူပုဂ္ဂိုလ်တစ်ဦးချင်း အမည်များဖြင့် Kpay နှင့် Bank Account များ ဖွင့်လှစ်၍ ငွေ လက်ခံခြင်း၊ သီးခြား ထပ်မံ၍ ကိုယ်စားလှယ် ပေးအပ်ထားခြင်းများကို လုံးဝ ပြုလုပ်ထားခြင်း မရှိပါ။

သို့ဖြစ်ရာ ကုမ္ပဏီ၏ Customer များ အနေဖြင့် လေယာဉ်လက်မှတ်ဝယ်လိုခြင်း၊ ခရီးသွား ဝန်ဆောင်မှုများ ဝယ်ယူခြင်းနှင့် Visa ဝန်ဆောင်မှုများ ရယူဆောင်ရွက်လိုပါက အောက်ဖော်ပြပါ ကုမ္ပဏီ၏ တရားဝင် ဘဏ်စာရင်းများသို့သာ တိုက်ရိုက်ငွေလွှဲပို့ပါရန်နှင့် Face Book page အတုများဖြင့် ငွေကြေးလိမ်လည်သည့် ဖုန်းနံပါတ်များသို့ ငွေလွှဲပေးပို့ခြင်း လုံးဝမပြုလုပ်ကြပါရန် အထူးသတိပေးအပ်ပါသည်။ အကယ်၍ အဆိုပါ Face Book page များနှင့် လိမ်လည်သည့် ဖုန်းနံပါတ်များ Kpay, Wave Pay အကောင့်များသို့ ငွေလွှဲပေးပို့ခဲ့မိပါကလည်း ကုမ္ပဏီရုံးချုပ်မှ တစ်စုံတစ်ရာ ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါကြောင်းကိုလည်း ထပ်လောင်း အသိပေးအပ်ပါသည်။

**Nice Style Group of Companies** ၏ ဘဏ်စာရင်းများ

| | | | | | |
|---|---|---|---|---|---|
| AYA Bank | - | 100.016.196.16 | KBZ Bank | - | 027.139.045.018.013.01 (Special Acc) |
| KBZ Bank | - | 045.103.045.018.013.01 (Special Acc) | KBZ Bank | - | Quick pay |
| CB Bank | - | 011.410.090.000.5029 (Special Acc) | CB Bank | - | 001.010.050.002.7987 |
| UAB Bank | - | 051.106.010.000.1142 (Special Acc) | UAB Bank | - | 051.070.100.031.249 |
| AYA Bank | - | 10004702600 (Special Acc) | | | |

**ငွေကြေးလိမ်လည်သည့် Facebook Page အတုနှင့် ဖုန်းနံပါတ်များ**

၁။ https://www.facebook.com/profile.php?id =61555620388637
Kpay Number - 09786869302 San Lwin

၂။ https://www.facebook.com/profile.php?id=100086340131560
ငွေလိမ်လည်သည့် KBZ Pay Number - 09661949666 (Mytel)၊ အမည် - Kyaw Win Than
ငွေလိမ်လည်သည့် KBZ Pay Number - 09684098118 (Mytel)၊ အမည် - Thura Naing
ငွေလိမ်လည်သည့် Wave Pay Number - 09662336558 (Mytel)၊ အမည် - Kyaw Zin Hlaing

၃။ https://www.facebook.com/profile.php?id=61551644656595၊ ငွေလိမ်လည်သည့် ဖုန်းအမှတ် 09-772563380

၄။ https://www.facebook.com/profile.php?id =61551515854083
ငွေလိမ်လည်သည့် KBZ Pay Number - 09699959654 (MOE ZAW)

၅။ ငွေလိမ်လည်သည့် KBZ Pay Number - 09-*****8843 (Naing Min Chit)

၆။ 09 - 651142312
Kpay - 09-782968610
Ph : 09-265664080
Viber : 09-661949666

၇။ Kay Thi Aung အမည်ဖြင့် Facebook profile မှ Nice Style ဝန်ထမ်းယောင်ဆောင်၍ ငွေလိမ်လည်သည့် KBZ Pay Number 09771082081 အမည် - Mg Lin Lin Tun

၈။ Nice Style ဝန်ထမ်းယောင်ဆောင်ကာ Thu Zar Aung အမည်ဖြင့် လိမ်လည်သည့် ဖုန်းနံပါတ် 09-775574323

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးတင်မောင်ဝင်း B.A (Law) , LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၆)**

**ဒေါ်ဥမ္မာလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၄၂)**

အမှတ်-၁၆၃(ပထမထပ်)၊ ၃၇-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၈)၊ ဦးပိုင်အမှတ်(၂၁)၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ ၂၅လမ်းနှင့် ၂၆လမ်းကြားရှိ ဦးအေးမောင်၊ ဒေါ်စန်းကြည် အမည်ပေါက် ဘိုးဘမြေကွက်အား ဇနီးဖြစ်သူ ဒေါ်စန်းကြည် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၃၇၇/၂၀၁၃)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးအေးမောင်၏(SP ရရှိသူ ဦးညီညီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၉၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သွယ်သွယ်အေး(၉/မနမ(နိုင်)၀၀၁၅၇၄)က အမှုတွဲအမှတ်(၀၆၂၉/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၁)၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ၈၉လမ်းနှင့် လမ်း၉၀ကြားရှိ ဦးပိုင်အမှတ်(၁၁-ဃ)၊ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်နှင်းနှင်းခိုင်၏(SP ရရှိသူ ဒေါ်ကေခိုင်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၉၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော ဦးပိုင်(၁၁-ဃ)နှင့် ဦးပိုင်အမှတ်(၁၁-ဆ)၊ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်အုန်းရီ၊ ဒေါ်ကြင်းကြင်းတို့ (၂)ဦးအနက် ဒေါ်အုန်းရီ(အမျိုးကြီးဘ၀)ဖြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၇၁၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် (ပူးတွဲအမည်ပေါက်သူ) ဒေါ်ကြင်ကြင်(ခ)ဒေါ်ကျင်ကျင်၏(GP ရရှိသူ ဦးကျော်ဇေယျ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၆၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သော ဦးပိုင်(၁၁-ဆ)တို့အား အသီးသီး ဝယ်ယူခဲ့သူ ဦးမျိုးဇော်(၉/မသန(နိုင်)၀၈၈၈၀၈)၊ ဒေါ်နှင်းယုလှိုင်(၉/အအဓ(နိုင်)၀၀၇၁၀၅)တို့က အမှုတွဲအမှတ်(၀၆၃၀/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၇)၊ ဦးပိုင်အမှတ်(၅၆-ခ)၊ ၃၇လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြားရှိ ဦးစိန်ရွှေ၊ ဒေါ်မေရီ အမည်ပေါက် ဘိုးဘမြေကွက်အား ဇနီးဖြစ်သူ ဒေါ်မေရီ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၀၃၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးစိန်ရွှေ(၉/မရတ(နိုင်)၀၆၅၅၈၂)၏ (GP ရရှိသူ ဒေါ်မေရဲမီမီ)က အမှုတွဲအမှတ်(၀၆၃၁/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၄)၊ ဦးပိုင်အမှတ်(၅၄)၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ၈၆လမ်းနှင့်၈၇လမ်းကြားရှိ ဒေါ်ကြင်မြိုင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၂၄၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်အမာ(၉/မနတ(နိုင်)၀၀၉၇၅၃)၊ ဒေါ်နှင်းလှ(၉/မနတ(နိုင်)၀၀၉၇၃၁)၊ ၄င်း၏(GP ရရှိသူ ဒေါ်တင်မိုးဝေ)က အမှုတွဲအမှတ်(၅၅၀၀/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၈)၊ ဦးပိုင်အမှတ်(၉၉)၊ ၁၁၅လမ်းနှင့်သံလမ်းကြား၊ ပန်ရုံတော်ချောင်းနှင့် ၅၈လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှလှမေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၉၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှေမိ(၁/ဗမန(ပြု)၀၀၀၁၉၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၅၀၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၀)၊ ဦးပိုင်အမှတ်(၂၆)၊ ၆၁လမ်းနှင့် ၆၁(B)လမ်းကြား၊ ၁၃၂လမ်းနှင့် ၁၃၃လမ်းကြားရှိ မြေကွက်အား ဦးခင်မောင်သန်း(၉/မနမ(နိုင်)၀၆၉၄၉၈)က မြို့သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ ချထားပေးခဲ့သောမြေကွက်နှင့် ပတ်သက်သည့် မြေချထားမိန့်စာရွက်မူရင်းများမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲအမှတ်(၅၅၁၃/၂၀၂၄-၂၀၂၅)ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-$N_3$)နေ (ဦးကျော်မောင်မောင်ပေါက်) + ဒေါ်သင်းသင်းအေးတို့၏သား မောင်အောင်ကိုကျော်၏ ညီဖြစ်သူ မောင်ကျော်ရဲလွင်(၉/အမဇ(နိုင်)၀၄၃၀၃၂)ကိုင်ဆောင်သူသည် မိခင်နှင့် အစ်ကိုဖြစ်သူတို့၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားနှင့်ညီအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ၄င်းနှင့်ပတ်သက်၍ မိခင်ဖြစ်သူနှင့် အစ်ကိုဖြစ်သူတို့၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် မိသားစုနှင့်ပတ်သက်သော စာရေးသားခြင်း၊ ဓာတ်ပုံတင်ခြင်း၊ ခြိမ်းခြောက်ဖုန်းပြောဆိုခြင်း၊ ဖုန်းမက်ဆေ့အသုံးပြု၍ ခြိမ်းခြောက် စာပို့ခြင်းများပြုလုပ်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဒေါ်သင်းသင်းအေး(မိခင်)**
**ဦးအောင်ကိုကျော်(အစ်ကို)**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိမွန်ကျော်**
**LL.B, D.I.R, D.B.L, P.G.D.E(Eng), WIPO**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၂၀၄)၊ ရန်ကင်းအောင်ရပ်ကွက်၊**
**ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၉၉၃၀၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၈)၊ ဦးပိုင်အမှတ်(၆၀-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်စိန်စိန်ဦး(ဘ) ဦးကံချွန်(၉/မရတ(နိုင်)၀၂၃၆၃၃)၊ ၂။ ဦးအောင်မျိုးဦး(ဘ)ဦးမြင့်အောင်(၉/ခမစ(နိုင်)၀၄၃၅၀၂)၊ ၃။ ဦးကျော်မင်းဦး(ဘ)ဦးမြင့်အောင်(၉/ခမစ(နိုင်)၀၄၃၅၀၃)နှင့် ၄။ ဒေါ်နှင်းပွင့်ဖြူ(ဘ)ဦးမြင့်အောင်(၉/ခမစ(နိုင်)၀၄၃၅၀၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဉ္ဇူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် (အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## နေခြည်သဘာဝမြေသြဇာ ဝယ်ယူအားပေးနိုင်ပါကြောင်း

ကောက်ရိုး၊ ဖေဒါ၊ နွားချေးတို့ကို အခြေခံ၍ ထုတ်လုပ်ထားသော နေခြည်သဘာဝမြေသြဇာတွင် N,P,K,Ca,Mg,S တို့ မျှတစွာပါဝင်ပြီး မြေဆီလွှာ တိုးတက်ကောင်းမွန်စေသည့်အပြင် မြေကိုမွ၍ အစိုဓာတ်ကို ကြာရှည်စွာ ထိန်းပေးခြင်း၊ မြေဆီလွှာပျက်ဆီးခြင်းမှကာကွယ်ပြီး အမြစ်၊ ပင်စည်၊ အရွက်နှင့် အသီးအပွင့်များ ကြီးထွားမှုကောင်းခြင်းတို့ကြောင့် အလှပန်းပင်များ၊ ပန်းစိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများအတွက် အထူးသင့်လျော်ပြီး 25 Kg တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။

**မှာယူနိုင်သည့် ဖုန်းနံပါတ်များ–**
**၀၉–၂၅၉၀၄၉၈၅၀၊ ၀၉–၄၀၂၅၁၆၈၆၀**
**စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## တီစွန့်ပစ် မြေသြဇာ ဝယ်ယူအားပေးနိုင်ပါကြောင်း

Red Worm အမျိုးအစား မွေးမြူရေးတီကောင်မှ ထုတ်လုပ်သော တီစွန့်ပစ် မြေသြဇာတွင် N,P,K,Ca,Mg,Fe ဓာတ်များ မျှတစွာပါဝင်ပြီး မြေဆီလွှာ တိုးတက်ကောင်းမွန်စေသည့်အပြင် ပန်းများနှင့် အသီး၊ အပွင့်တို့၏ အရောင်၊ အရသာ၊ အရည်အသွေးတို့ကို ပိုမိုကောင်းမွန်စေသည့်အတွက် ပန်းစိုက်ခင်းများ၊ အသီးအနှံစိုက်ခင်းများအတွက် အထူးသင့်လျော်ပြီး 1 Kg တစ်အိတ်လျှင် ၁၅၀၀/-နှုန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။ အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ဖုန်း ၀၉–၂၅၉၁၇၁၃၄၇၊**
**၀၉–၄၀၂၅၁၆၈၆၀**
**စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၈)၊ ဦးပိုင်အမှတ်(၁၀၆)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်ကြီးဝင်းနောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၈၄၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်ယဉ်စိန်(၉/မရမ(နိုင်)၀၃၇၅၈၁)က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ်(၅၅၁၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၈)၊ ဦးပိုင်အမှတ်(၁၃၂)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဟုတ်ဆိုင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၃၁၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးမြင့်(၁၀/သထန(နိုင်)၀၂၈၅၈၀)၏ (GP ရရှိသူ ဒေါ်ယုယုနောင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၅၀၉/ ၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈)၊ ဦးပိုင်အမှတ်(၇၃)၊ လမ်း၆၀နှင့် ၆၁လမ်းကြား၊ အနော်ရထာလမ်းနှင့် အောင်ဇေယျာလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၈၃၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဦး(၇/ရတရ(နိုင်)၀၆၇၇၉၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၅၀၈/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈)၊ ဦးပိုင်အမှတ်(၇၀)၊ လမ်း၆၀နှင့် ၆၁လမ်းကြား၊ အနော်ရထာလမ်းနှင့် အောင်ဇေယျာလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းလွင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၈၃၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမြင့်(၈/ရစက(နိုင်)၁၂၃၃၉၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၅၁၀/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဝင်းအောင်(၉/မနတ(နိုင်)၀၂၇၈၃၂)(စာရေး-၁၊ နို့ချက်စက်ရုံ၊ မန္တလေးမြို့)အား ချထားပေးသောမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ အကျိုးခံစားခွင့်တို့အား တရားဝင်လက်ရှိ ပိုင်ဆိုင်နေထိုင်သူ (၁) ဒေါ်ညိုညိုအေး၊ (၂) ဦးမင်းခန့်စိုး(ခ)မိုဟာဘက်ဇူဘောလ်၊ (၃) ဒေါ်နီနီဝင်းတို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်လတ်လတ်အောင် (တရားလွှတ်တော်ရှေ့နေ)**

**တတ(၄၇)၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း ၀၉-၄၄၂၀၅၆၉၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁)၊ ဦးပိုင်အမှတ်(၁၇-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ဇာဇာဝင်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဝိစီတွင်းအပါအဝင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူ ဒေါ်ဇာဇာဝင်း(ဘ)ဦးခင်မောင်လေး(၉/မရမ(နိုင်)၀၈၂၀၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးကျော်ကျော်သိန်း(LL.B)(DL.101 IP LAW) တရားလွှတ်တော်ရှေ့နေ**

**(ဃ-၃/၅၈)၊ ၆၃အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။ ဖုန်း ၀၉-၅၁၁၄၇၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၉၂)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(၁ ဒသမ ၅၉)ဧက အကျယ်အဝန်းရှိ မြေထဲမှ အရှေ့-အနောက်(၅၀)ပေ၊ တောင်-မြောက် ဦးပိုင်အရှိမြေနှင့် မူလအမည်ပေါက် ဒေါ်ညွှန့်ခင်၏ အကျိုးခံစားခွင့်အားလုံးတို့ကို သမီးဖြစ်သူ ဒေါ်စန်းရီတင့်(၉/အမရ(နိုင်)၀၆၅၀၇၆)မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးစိုးဦး(၅/အတန(နိုင်)၀၀၀၅၃၆)မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုမှုများ၊ (၁၀၅/၁၀၆)လျှောက်ထားခြင်းများ ပြုလုပ်သွားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ဦးစိုးဦးထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက (၁၀၅/၁၀၆)နှင့် အမည်ပြောင်းများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| ဦးစိုးဦး(ဘ)ဦးပွားမောင် (၅/အတန(နိုင်)၀၀၀၅၃၆)၏ | ဦးကျော်စင်ဦး(LL.B)(တရားလွှတ်တော်ရှေ့နေ) |
| ၅၆လမ်း၊ ၄၀(E)ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၅၅၈၇၇၉၇၉၊ ၀၉-၂၁၁၀၂၆၂ | (၉)လမ်း၊ ၇၈လမ်းနှင့် လမ်း၈၀ကြား၊ အကွက်(၃၆)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ |

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်နေ ဒေါ်ဇာနည်အောင်တိုး(ဘ)ဦးအောင်တိုး(၁၀/ဘလန(နိုင်)၀၉၇၂၆၆)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ တိုးချဲ့(၁)ရပ်ရှိ ကွင်းအမှတ်(၆၀၀)၊ အကွက်အမှတ်(A-၆၅)၊ ဦးထွန်းမွေး အမည်ဖြင့် ချထားရရှိထားသော အရှေ့အနောက်(၆၀)ပေ၊ တောင်မြောက်(၄၀)ပေ အကျယ်အဝန်းရှိ စလစ်မြေကွက်နှင့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာနည်အောင်တိုးမှ ဝယ်ယူ၍ လက်ရှိနေထိုင်အသုံးပြုလျက်ရှိပါသည်။ ထိုသို့ လက်ရှိနေထိုင်အသုံးပြုရာမှ အထက်ပါမြေကွက်၏ စလစ်မှာ ပျောက်ဆုံးနေကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာနည်အောင်တိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးရန်အောင်မိုး (LL.B, D.I.L)** | **ဒေါ်နန်းစက်စက်လှိုင်(LL.B,D.B.L,D.I.L)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**ရတနာ့ဂူလမ်း၊ လက်ဝဲမြင်းတိုင်ရပ်၊ ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၈၆၂၀၂၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၁၃၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်မြင့်သူနှင့် ဦးဇော်မိုးနိုင်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၇×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခင်မောင်လွင်(ဘ)ဦးလှမောင်(၉/မရတ(နိုင်)၀၁၁၅၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစ်အောင်(LL.M)** | **ဒေါ်အေးနန္ဒာထွန်း(LL.B)** | **ဒေါ်မာလာစိုး(LL.B)** | **ဒေါ်ဖူးသန့်မွန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်နံပါတ်(၁၈၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးစိန်သောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲဝယ်ယူခဲ့သူများအနက်(ခင်ပွန်း) ဦးရွှေမောင် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး)ဒေါ်ဝင်းမြင့်(ဘ)ဦးချစ်မောင်(၉/မရတ(နိုင်)၀၉၉၄၀၉)(၎င်း၏ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်မူယာထွေး(ဘ)ဦးရွှေမောင်(၉/ခမစ(နိုင်)၀၀၅၇၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစ်အောင်(LL.M)** | **ဒေါ်အေးနန္ဒာထွန်း(LL.B)** | **ဒေါ်မာလာစိုး(LL.B)** | **ဒေါ်ဖူးသန့်မွန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၄၇)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၂၅×၄၀)ပေနှင့်ကပ်လျက် မြောက်ဘက်ပိုင်း(၁၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းဆွေ(ဘ)ဦးမြခင်၊ PTI-၀၀၈၂၂၄၊ ၉/မနတ(နိုင်)၀၇၂၈၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစ်အောင်(LL.M)** | **ဦးကြည်ယံ(LL.B)** | **ဦးစည်သူအောင်(LL.B)** | **ဒေါ်သဲမိုမိုထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)တွင် တည်ရှိသော ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်နီနီအောင်(၁၃/ကခန(နိုင်)၀၀၀၉၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးလှမိုး(ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၀)၊ ဦးပိုင်အမှတ်(၆-က)၊ စ၆လမ်း၊ ၂၂လမ်းနှင့် ၂၃လမ်းကြားရှိ ဦးကိုလေး အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးကိုလေး၊ မိခင် ဒေါ်သန်းစိန်၊ သမီး ဒေါ်စိုးစိုးကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး၊ သားမက်ဖြစ်သော ဒေါ်သန်းနွယ်(၉/မနမ(နိုင်)၀၄၉၉၃၉)၊ ဦးမောင်မောင်(၉/မနမ(နိုင်)၀၉၂၇၂၄)၊ ဒေါ်ညိုညို(၉/မနမ(နိုင်)၀၉၃၉၈၂)၊ ဦးမျိုးလှဝေ(၉/မနမ(နိုင်)၀၉၁၆၄၅)၊ ဒေါ်တူးတူး(၉/မနမ(နိုင်)၀၉၁၉၄၁)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်(၅၆၅)၊ ၃၂လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြားနေ ဦးသန်းထွန်းအောင်(ဘ)ဦးအောင်မြတ်(၉/မရမ(နိုင်)၀၆၂၂၇၉)နှင့် ဒေါ်တင်မိုးထွန်း(ဘ)ဦးသက်ထွန်း(၉/မရမ(နိုင်)၀၀၀၈၂၇)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ မမေမိုးသက်ထွန်း(ဘ)ဦးသန်းထွန်းအောင်(၉/ခအစ(နိုင်)၀၄၃၇၀၇)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးသန်းထွန်းအောင်+ဒေါ်တင်မိုးထွန်းတို့၏သမီးဖြစ်သူ မမေမိုးသက်ထွန်းသည် မိဘများ၏ ပြောဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ပြီး မိဘများခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မမေမိုးသက်ထွန်းနှင့် သက်ဆိုင်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မမေမိုးသက်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

| လွှဲအပ်ညွှန်ကြားသူများ– | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| **ဦးသန်းထွန်းအောင် (၉/မရမ(နိုင်)၀၆၂၂၇၉)** | **ဒေါ်ယဉ်မွန်အေး (LL.B,D.B.L,DIL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၁၇)** |
| **ဒေါ်တင်မိုးထွန်း (၉/မရမ(နိုင်)၀၀၀၈၂၇)** | **၈၄လမ်းနှင့် ၈၅လမ်းကြား၊ ၃၆လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်...

❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေအောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄) ကျင်းပ

# တရားမဝင်ကုန်သွယ်မှုများကြောင့် စားသုံးသူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ များစွာနစ်နာရသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးအရေးယူဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၀

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ စာမျက်နှာ ၈ သို့★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။



## နိုဝင်ဘာလအတွက် ပရီးမီးယားလိဂ်တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆာလာဆွတ်ခူး

**လီဗာပူး ဒီဇင်ဘာ ၁၀**

ပရီးမီးယားလိဂ်မှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက လီဗာပူးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခု ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၇၀ပွဲကစားပြီး ၂၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလို တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ လီဗာပူးအသင်းမှာပဲ ကစားသမားဘဝကိုလည်း ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ ကောင်းမွန်နေပြီး ပရီးမီးယားလိဂ် ချန်ပီယံဆုနှင့် ချန်ပီယံလိဂ်ချန်ပီယံဆုကိုလည်း ရယူရန် ရေပန်းစားလျက်ရှိသည်။

(NGB)